## ဈေးခေတ်အမည်များ

### [ က ]

( ၎ ) က။ ။ဆင်တဲရွာမြေဘိုင်။ ငှင်းမျိုးရိုးမှာ အဖိုးမြေဘိုင်ကြီး ငစံဘော်၊ အဖ မြေတိုင်ကြီး ငရွှေတုတ် အမိ မိအိုတို့ဖြစ်၏။ ငက၏အဖမှာ ငစံသူမယား မိမှုဖြစ်၍ အကိုမှာ ငရွှေဖြစ်၏။ သက္ကရာဇ် ၁၁၆၄ ခု ကဆုန်လတွင် ငကသည် ကန္ဒီမြို့ကျေး ဆင်တဲရွာ၌ မြေတိုင်အရာနှင့် တိုင်ဆော်ကြီးစိုးနေသည်ကို တွေ့ရှိရ၏။ ၁

၁။ လ ပ ဝ ၂၁

**ကစကောင်းရွာ။** ။ဘူရှင်းတိုင်မြို့နယ်။ ကစကောင်းရွာသည် တူရှင်းတိုင်မြို့နယ် အနောက်မျက်နှာနယ်စပ်တွင်ရှိ၍ စဉ့်ကူ၊ ရွာသာ၊ ပုဂံမြို့ကျေး ညောင်ပင်ရွာတို့နှင့် ကျောခိုင်းဖြစ်သည်။ ၁

၁။ မသဂ ၄၄။ ၁ ဂ၁

**ကစပို့ရွာ။** ။တူရှင်းတိုင်မြို့နယ်။ ကစပို့ရွာ၏ နယ်မြေအပိုင်းအခြားမှာ အရှေ့ကို လက်ဝဲ ရေဝေလမ်းမ။ အရှေ့တောင်ကို ပန်းသုံးချောင်း ဇီးချင်းကန်နှင့် စဉ့်ကူ။ တောင်ကို စမ်းစိမ့်စမ်းရိုး၊ ထနောင်းဥက္ကာကျောက်ပုံ။ အနောက်တောင်ကို မြင်းမအိုင်။ အနောက်ကို တောင်ပျို၀။ မြောက်ကို ကြက်ပေါ်ပန်း မြေဖြူ မြေဝါလမ်း။ အရှေ့မြောက်ကို ချောင်းဖီလာ မြက်ခါးကြီးတော ရေဝေကုန်းတို့ဖြစ်၏။ ကစပို့ရွာ နယ်မြေအလုံးသည် ပုဂံရွှေကျောင်းဝတ်မြေချည်းဖြစ်၍ ၁၁၆၄ ခုတွင် ရွာသူကြီးမှာ အသက် ၃၅ နှစ်ရှိသော သောကြာသာမြတ်ဖြစ်သည်။ ၁

၁။ ကစပို့စစ်တန်း ၆၄ ခု။

**ကစိန်ကလက်အင်း။** ။ကောလိယမြို့ကျေး။ ကစိန်ကလက်အင်းသည် ဟံသာဝတီ ၃၂ မြို့အဝင် ကောလိယမြို့ကျေး၌ ရှိသည်။ ထိုအင်းတွင် ငါးရှာသူတို့သည် လုပ်အားခလျှင် အခွန်မငွေရွက်နီ ၃ ရေးစား ၁ မတ် ဆော်စား ၁ မတ် ပေးဆောင်ကြရသည်။ ၁

၁။ ပသဂ ၆၊ ၂၂၁

**ကတတ်ချောင်း။** ။ဟံသာဝတီမြို့နယ်။ ကတတ်ချောင်းသည် ဟံသာဝတီ မြို့နယ်၏ အရှေ့တောင်ဖက်နယ်ခြားဖြစ်၍ မုတ္တမကျေး တိုက်ကုလားနယ်စပ်၌ရှိသည်။ ၁

၁။ ဟံသာဝတီ ၃၂ မြို့တော်စစ်တန်း ၆၄ ခု။

ကပြူရွာ။ ။ကျောက်ဆောက်မြို့ကျေး။ ကပြူရွာသည် ကျောက်ဆောက်မြင်း ၄၄ ရွာအဝင် ဖြစ်သည်။

၁။ ကျောက်ဆောက်မြို့စစ်တန်း

ကဘတ်ရွာ။ ။ကျောက်ဆောက်မြို့ကျေး။ ကဘတ်ရွာသည် ကျောက်ဆောက်မြင်း ၄၄ ရွာ အဝင်သည်။

၁။ ကျောက်ဆောက်မြို့စစ်တန်း

ကမာတပေါ။ ။ကောလိယမြို့ကျေး။ ကမာတပေါသည် ဟံသာဝတီ ၃၂ မြို့အဝင် ကောလိယ မြို့ကျေး၏ အရှေ့တောင်နယ်မြေအခြား၊ စစ်တောင်းမြို့နယ်မြေနှင့်အစပ်တွင် ရှိသည်။

၁။ ပသက ၆။ ၂၂၂

ကမန်ကျော်။ ။အမှုထမ်းသက္ကရာဇ် ၁၁၁၉-ခုနှစ်တွင် အလောင်းမင်းတရားကြီးသည် ဟံသာဝတီ နေပြည်တော်ကို သိမ်းယူပြီးနောက် စေတီပုထိုးရွှေငွေတို့ကို သိမ်းယူပြင်ဆင်သန့်ရှင်းစေရာ၌ ထိန်ချန်ဖျက်ဆီးမှုနှင့် ကမန်ကျော်အား ရင်စာထိုးစေရသည်။

၁။ ကဘဆ ၁။ ၂၅၆

ကမန်ကျော်ထင်။ ။မြေတ်။သက္ကရာဇ် ၁၁၁၉-ခုတွင် အလောင်းမင်းတရားကြီးသည် ဟံသာဝတီ မြို့၌ စံနေတော်မူစဉ် ပန်းတည်းမြေတ်ကို ကမန်ကျော်ထင် အမည် သနားတော်မူသည်။

၁။ ကဘဆ ၁။ ၂၅၆

ကပြဲရွာ။ ။ပုဂံမြို့ကျေး။ ကမြဲရွာနယ်မြေသည် အရှေ့ကို ကတုံရွာမြေထိ၊ တောင်ကိုအလယ်ရွာ မြေထိ။ အနောက်ကို စချီရွာမြေထိ။ မြောက်ကို ငြင်ရွာမြေထိဖြစ်၏။
ကမြဲရွာသည် နဘဲရွာနှင့် တောင်နောက်ရွာတို့၏ တောင်ဖက်တွင်ရှိသည်။
ကမြဲရွာသူကြီးရိုးမှာ လေ၊ ငဝိုးသား ငကျော်၊ ငဝိုးသား ငမြတ်တို့ဖြစ်၏။ သက္ကရာဇ် ၁၁၄၅-ခု စစ်တန်းရေးစစ်သည့် သူကြီးမှာ အသက် ၅၀-ရှယ်ရှိ တနင်္ဂနွေသား ငမြတ် ဖြစ်၏။

၁။ ကပြဲရွာ၊ နဘဲရွာနှင့် အနောက်အိုရွာ ၄၅ ခု စစ်တန်းများ

ကရဝိတ်ဟံဝါး။ ။ရတနာသိင်္ခမြို့တော်။ အလောင်းမင်းတရားကြီး သက္ကရာဇ် ၁၁၁၅-ခုတွင် ရတနာသိင်္ခမြို့တော်ကို တည်ထောင်ရာ၌ မြို့တော်အနောက်မျက်နှာတံခါး ၃-ရပ်တွင်

ကန်တော်ဘုရား။ ။ရွှာသာမြို့။ကန်တော်ဘုရားသည် ရွာသာမြို့ အရှေ့မြောက်ထောင့်နှင့် ဘုံးရိုး ရွာ မြေစပ်တွင် ရှိသည်။

၁။ ရွှာသာမြို့စစ်တမ်း ၄၅ ၃

ကန်တော်ပင်းကျောင်း ဆရာတော်။ ။မြင်းမူမြို့နှင့် ၂ တိုင်ခန့်ကွာ ဟိုးဆောင်းရွာ မြောက်ဖက် ကန်တော်ရွာတွင် မွေးဖွါးသည်။မိဖမည်ရည်နှင့် မွေးသက္ကရာဇ် အသေအချာ မသိရသော် လည်း ဒုတိယ မင်းခေါင် နှင့် ရွှေနန်းကြော့ရှင် မင်းများ လက်ထက်တော်တွင် ထင်ရှား၏။ လောကကြောင်း၊ ဓမ္မကြောင်း ကျွမ်းကျင်သည်။

"အရိုးတော်ဆရာ၊ မဟာထေရ်ကျော်၊ ကန်တော်မင်းကျောင်း" ဟူ၍ ဩဝါဒ ပေတ္တာစာ၊ "ကြားပိမ့်သူမြတ်၊ အမြဲမှတ်စိမ့်၊ ဟိတတ္တိက" ဟူ၍ လောကသာရပျို့ စသည်တို့ကို ရေး သားခဲ့သည်။

၁။ မြန်ပာဝေ ၆၉ ဆုံးပဝေ ၃၀။

ကန်တော်ရွာ။ ။ကျောက်ဆောက်မြို့ကျေး။ ကန်တော်ရွာသည် ကျောက်ဆောက်မြင်း ၄၄ ရွာ အပါအဝင်ဖြစ်သည်။

၁။ စလက်သူရွာဝစ်တန်း ၄၅ ၃

ကန်ရွာ။ ။ပခုက္ကူခရိုင်။ ကန်ရွာသည် ကန့်ကောရွာ ကျေးလက်ဖြစ်သည်။

၁။ ရဟ အပတ ၆၉

ကန္ဒီ။ ။သီပေါမင်းလက်ထက် ၁၀ ခရိုင် သတ်မှတ်ဖွဲ့စည်းရာ၌ ကန္ဒီသည် သတ္တမဌာန ချင်းတွင်းကြောင်းခရိုင်တွင် ပါရှိ၏။

၁။ မြန်မာပင်း ၂။ ၁၁၁

ကံ့ကော်ကျွန်း။ ။ပုပ္ပဝတီ။အလောင်းမင်းတရားကြီးသည် အညာပြစ်စဉ်သို့ချီတက်ရာသက္ကရာဇ် ၁၁၁၅ ခု တပေါင်းလတွင် ကောင်းတုံအနီး ကံ့ကော်ကျွန်းကိုပုပ္ပဝတီသမုတ်တော်မူသည်။

၁။ မြန်မာပင်း ၃။

( ဦး ) ကံ။ ။မြို့ဝန်။ကျောက်ဆည်ဝန် ဦးကံကို စကိုင်းမင်းလက်ထက်တွင်မင်းရဲ ဇေယကျော် ဘွဲ့နှင့် မြို့ဝန်ခန့်သည်။

၁။ ပသဂ ၄၅။ ၁၅၆

ကမွောဇတိုင်း။ ။မိုးနဲ၊ ညောင်ရွှေ၊ ယောက်ဆောက်၊ မိုးပြဲ၊ သိန္နီ၊ ကိုင်းမား သီပေါ၊ မိုးမိတ်၊ မိုင်းလုံ၊ သုံးဆယ်၊ အုန်းဘောင် ဟူသော စော်ဘွားတို့ နေရာဒေသကို ကမွောဇတိုင်း ခေါ်ဝေါ်သည်။¹

၁။ မြန်မာမင်း ၂ ဂ၀၊ ဂ၁၊ ဂ၂၊ ဂ၅၊

ကျပင်းမြို့စား။ ။သီရိမဟာရာဇာဘွဲ့ခံ။ကျပင်းမြို့စားသီရိမဟာရာဇာသည်မင်းတုန်းမင်းတရားကြီး၏ သားတော်တပါးဖြစ်၏။¹

၁။ ဗေဒါကုန်းဂူ ၃၉

( င ) ကျား။ ။တရားမြို့သူကြီး။ ဗန့်ကျိုတိုက်အဝင် တရားမြို့၌ ၁၁၆ဂ ခုတွင် မြို့မြေတိုင် ငအောင်အား ရာဇဝတ်စီရင်သဖြင့် မြေတိုင်အရာ လစ်လပ်သည်။ထိုအခါငကျားက တရားမြို့မှ ဆက်သရန်ကျန်ရှိနေသည့် ဒသမဘာဂ ငွေတော် ဂဝိ ကို အပြေဆက်သပါမည်ဟု ငွေကိုပြ၍ မြေဘိုင်ခန့်ထားပါမည့် အကြောင်း လျှောက်ထားလေလျှင် မက္ခရာမင်းဝန် အကြီးစာရေးတို့က ငကျားအား ခန့်ထားရန် လွှတ်တော်သို့ အစီရင်ခံကြ၏။ ထို့ကြောင့်၊ သက္ကရာဇ် ၁၁၆ဂ ခု တန်ခူးလပြည့်ကျော် ၅ ရက်နေ့ (၂၇-၃-၁ဂ၀၇) တွင် လွှတ်တော်မှ သူကြီးတံဆိပ်စာအပ်စေဟု အမိန့်တော်ချမှတ်၍ ၁၁၆၉ ခု ကဆုန်လဆန်း ၅ ရက်နေ့ (၁၀-၄-၁ဂ၀၇) တွင် စာရေးကြီး လက်ဝဲဇေယကျော်ကငကျားကို တံဆိပ်စာအပ်ရသည်။¹

၁။ လပဝ ၃

ကျေးညိုရွာ။ ။မေဃဝတီမြို့ကျေး။ သက္ကရာဇ် ၁၁၆ဂ ခုတွင် ကျေးညိုရွာသူကြီးမှာ ငသော် အောင်ဖြစ်သည်။¹

၁။ လပဝ ၁

ကျော်ခေါင်။ ။ဝေါကြီးမျှုး။ဗဒုံမင်းလက်ထက်တွင်ဦးကျော်ခေါင်ကိုရှေးဦးစွာ ဝေါကြီးမှူး နောက် ကောင်းဟန်ဝန် ခန့်ထားသည်။ နောက်တဖန်၊ အောက်မားဝန်ခန့်ပြန်သည်။¹

၁။ မသက ၄၅။ ၁၅၀

ကျော်စည်တိုက်။ ။မတ္တရာနယ်။ ကျော်စည်တိုက်တွင် စုန်းမြို့ စသည့် မြို့များ ပါရှိ၏။¹

၆။ မြန်မာမင်း ၂။ ၁၇၉ ၁ဂ၀

( စတုတ္တ ) ကျော်အောင်စံထားဆရာတော်။ ။ရှင်ကဝိန္ဒ။¹

၁။ ရှေးဖြစ် ၁ဂ၀

ကြာမိ။ ။ဘုရားကျွန်။ သက္ကရာဇ် ၆၃၁ ခုတွင် သူကြွယ်ဝေမ်းပြည့်သင်သည် မိမိပြုလုပ်သော ကျောင်းရား၌ လှူသောကျွန်တယောက်ဖြစ်သည်။

၁။ ပု ၂၂

ကြာအို။ ။ပနန်ခရိုင်အဝင်။သက္ကရာဇ် ၆၃၃ ခုတွင် စချီဗိုလ်သည် ပဒေသာသည်ထံမှရရှိသော ပနန်ခရိုင်အဝင် ကြာအိုလယ် ၄၀ ကို လှူတော်မူ၏။

၁။ ပု ၂၂

(င) ကြီး။ ။သူကြီးသား။ ကြေီးသည် ဗန်ကျိဳတိုက်အဝင် တရားမြို့သူကြီးငအောင်၏ သားဖြစ်၏။ ၎င်း၏ဖအား ရာဇဝတ်စီရင်သောအခါ ကြေီးသည် သူကြီးအရာကို ကျောက်ထား၏။ သို့သော် မရရှိချေ။

၁။ လပဝ ၁

ကြော့ ၁၀ ရွာ။ ။အနောက်ဖက်တိုက်အဝင်။ သက္ကရာဇ် ၁၁၆၃ ခုတွင် ကြော့ ၁၀ ရွာသူကြီးမှာ ငစံရာဖြစ်သည်။

၁။ လပဝ ၄

(င) ကြီးဝင်။ ။ကျွန်။ မင်းမယားစချီဗိုလ်သည် သက္ကရာဇ် ၆၃၃ ခုတွင် ကြေီးစင်အား ရတနာ ၃ ပါးကို လှူတော်မူ၏။ ကြေီးစင်၏ညီများမှာ ငနောင်ခင်နှင့် ငလှတို့ ဖြစ်ကြ၏။

၁။ ပု ၂၂

(င) ကြက်ဝင်။ ။ဘုရားကျွန်။ ဇေယဝဍ္ဍနာ သက္ကရာဇ် ၆၂၁ ခုတွင် ဘုရားကိုလှူသော ကျွန်ဖြစ်သည်။ ကြေက်စင်သားမှာ ငပုကံဖြစ်၏။

၁။ ပု ၂၂၆

ကြက်ဝင်ကျွန်း။ ။ညောင်ကိုင်ကြေး။ ကြက်စင်ကျွန်းသည် ညောင်ဝင်မြို့စီရင်စုရှိ ကျွန်းများ အနက် ကျွန်းတကျွန်းဖြစ်သည်။

၁။ လဗဝ ၁၀

[ ခ ]

*ခဘျော၀ါဒဆုံးမစာ။ ။ဆီးပန်းနီဆရာဘော်ရေး ဆုံးမစာ။ "မ်ံလ ဤ်သည်၊ သုံးမိုးချည်ဖြင့်၊ မြင့်ရှည်ကမ္ဘာ၊"ချီ။
ခ။ ဟံသာ၀တီဆုံးမစာဂပါင်းချုပ် ၃၄၈

ခပေါင်းပြစ်။ ။ကာန္ဒ°မြို့ကျေးရှိမြစ်တခု။ "ကန်နီနောက်ပြင်၊ တပ်ဝန်းကျင်နှင့်၊ ကြည်သင်ပေါင်းလောင်း၊ မြစ်ခပေါင်းတို့၊ လမ်းကြောင်းကံဘား၊ ခင်းစေငြားလျက်။"
ခ။ ပေါင်းချောင်၊ ပိုဒ် ၅၃

ခရုတုတ်။ ။အမြောက်အမည်။ ခရုတုတ်အမြောက် နောက်ကိုးအမြောက် စသောအမြောက်များနှင့် အမြောက်စုအမှုကမ်းတို့ကို အမြောက်ဝန်က အပြံမပြတ် ကြည့်ရှုစောင့်ရှောက်ရသည်။
ခ။ ရွှေနန်းသုံးဝန်း ၁၁၀

ခရမ်းရွာ။ ။မြို့ကျေးအမည်မသိ။ တရုပ်ပြေးမင်းသည် ထိုရွာပါမြေ ၄၀၀ကို ဇေယပတိအား ပေးသနားတော်မူသည်။ ထိုမြေများကို ဇေယပတိ ရောင်းသောအခါ မင်းမယား အိုကြောင်သင်ဝယ်ယူ၍ သမတီးအရပ် သူကြွယ်မြတ်သင်ကျောင်းအား မြေကျက် ၁၅၀ လှူတော်မူ၏။
ခ။ ပုံ ၂၂၉

( င ) ခူ။ ။ဗဒိုမင်းသည် ကျွန်တော်ရင်း ငခူကို သူရဲဝန် ခန့်တော်မူသည်။
ခ။ ပသဂ ၄၅။ ၁၄၈

ခူရာလက်ပ။ ။မင်းရဲစည်သူ။ မဏိရတနာပြည့်ရှင် ါရစ်နာဝါစ်၏သား ခူရာလက်ပကို သက္ကရာဇ် ၁၁၁၁ ခုနှစ်တွင် မဟာဓမ္မရာဇာဓိပတိက မင်းရဲစည်သူဘွဲ့ချီးမြှင့်သည်။
ခ။ ကဘဆ ၁။ ၂၃၄

ခေမာရဋ္ဌတိုင်း။ ။ခုန်ပြည်။ ညောင်ရမ်းခေတ်က ခုန်ပြည်ကို ခေမာရဋ္ဌတိုင်း ခေါ်သည်။ မြို့တော်မှာကျိုင်းတုံဖြစ်၏။ကျိုင်းတုံစော်ဘွားသည်ရှေးအစဉ်အဆက်ကပင်နန်းအိမ်ဦးတွင် ရာဇပလ္လင်တည်၍ ထီးဖြူလေးစင်း၊ ယာမားသံလျက် ခင်းကျင်းသည်။
ခ။ လကဗ ၂၃၃

ခြသေ့်။ ။လောင်သည်ရွာကလန်သံပျင်။ ဝေမ်းဖြည့်သင် သက္ကရာဇ် ၆၂၅ ခုတွင် မြေရောင်းရာ၌ ခြသေ့်သည် သက်သေအဖြစ်ပါဝင်၏။

၁။ ပုံ ၂၂၄

( ကူခန်း ) ခြသေ့်။ ။မြေပိုင်ရှင်။ ဇေယဝတ္တနာသည် သက္ကရာဇ် ၆၂၁ ခုတွင် ကုမန်းခြသေ့်ကမှ မြေလယ် ၂၀ ဝယ်၍ ပုဂံပြို့ရှိ တောကျောင်းနှင့် ဘုရားအား လှူတော်မူ၏။

၁။ ပုံ ၂၂၆

( င ) ခွေး။ ။မဲနေ့ရွာသူကြီး။ ၎င်းသည် သူကြီးအရိုး သားမြေးမဟုတ်ပဲလျက် သူကြီး အရာကို လှည့်ဖြား၍စီရင်သည်။ သက္ကရာဇ် ၁၁၆၀ ခုတွင် လွှတ်တော်မှ ငခွေးသည် သူကြီးရိုးမဟုတ်ကြောင်း သိရှိသဖြင့် အရာမှနုတ်၍ သူကြီးတံဆိပ်စာများကို ရုပ်သိမ်း စေသည်။

၁။ လဖစ ၀

[ ဂ ]

ဂဇဗလ။ ။ရွှေတောင်သိခ်ဝေ။ အလောင်းမင်းတရားကြီး၏ မြင်းရည်တက် ၆၀ ယောက်အဝင် သောဦးသည် ရှေးဦးစွာ ဂဇဗလဘွဲ့ကို ရ၏။ ၎င်းနောက် ရွှေတောင်သိခ်ဝေဘွဲ့ကို ချီးမြှင့် ခြင်းခံရသည်။

၁။ ကဘသ ၁။ ၃၁

ဂဇရဲ။ ။ရဲအာမခံ။သက္ကရာဇ် ၁၁၁၉ ခု တပို့တွဲလကွင် ကွေ့လဝတို့ကို နှိမ်နင်းရန် အလောင်း မင်းတရားကြီးတပ်များချီတက်သောအခါရဲအာမခံ ဂဇရဲလည်းလိုက်ပါထမ်းရွက်ရသည်။

၁။ ကဘသ ၁။ ၂၇၆

ဂဇဝေရ။ ။ငဘီလူး။ အလောင်းမင်းတရားသည် သက္ကရာဇ် ၁၁၁၉ ခု ဝါဆိုလဆန်း ၁၄ - ရက် နေ့တွင် ငဘီလူးကို ဂဇဝေရအမည် သနားတော်မူသည်။

၁။ ကဘသ ၁၊ ၂၅၇

ဂဇသိရိ။ ။မင်းရွှာခေါင်း။ အလောင်းမင်းတရားကြီးသည် ၄၆ ရပ်ခေါင်းများကို ဘွဲ့အမည် ချီးမြှင့်သောအခါ မင်းရွာခေါင်းကို ဂဇသိရိအမည် သနားတော်မူသည်။

၁။ ကဘသ ၁။ ၃၃

ငါးပတ်ချောင်းမင်းသမီး။ ။သီရိသုသာမာဝတီ။ မျှင်မင်းအေးသည် ဗဒုံမင်းနှင့် သီရိနန္ဒာတို့ သင့်ရာတွင်မြင်သည့် သမီးတော်ဖြစ်၍ သီရိသုသာမာဝတီဘွဲ့နှင့် ငါးပတ်ချောင်းကို စားရသည်။ ကျောက်ပန်းတောင်းမင်းသားနှင့် သင့်၏။

၁။ ပဇပ် ၂၇၂

[ စ ]

စချီဗိုလ်။ ။မင်းမယား။ စည်သူ ၄.(တရုပ်ပြေး)၏ မယားတယောက်ဖြစ်သည်။ စချီဗိုလ်သည် ရတနာ ၃ ပါးထားအံ့သောငှာ အုတ်အတိပြီးသော တံဘိုင်းဆောက်၏။ ထိုတံတိုင်းအတွင်း တရုပ်ပြေးမင်းကိုယ်တိုင် လက်တော်ဖြင့် ရွှေခွက်တွင် ပျိုးပေးတော်မူသော မြတ်စွာဘုရား ပွင့်တော်မူသည့် ညောင်ဗုဒ္ဓဟောပင်မှ အစေ့ကို ရွှေခွက်နှင့်ပင် စိုက်၏။ ထိုတံတိုင်းအတွင်း၌ ရဘနာ စကြံလည်း ပြုလုပ်၍၊ ထိုစကြံတွင် ဖလ်အဆင်းနှင့်တူသော ဂူလည်းပြု၏။ ရတနာ အများစီချယ်သော ဘုရားကြီးလည်း ပြု၏။ ထိုနောက် ရဘနာ ၃ ပါးအား ရည်စူး၍ သက္ကရာဇ် ၆၃၃ ခု ကဆုန်လဆန်း ၇ ရက် ကြာသပတေးနေ့တွင်၊ ကျွန် ၂၂ ယောက်နှင့် မြေ ၁၁၃၅ ပယ် ရေနံ့သာ ဉယျာဉ် ၁ တို့ကို လှူ၏။

စချီဗိုလ်လှူသည့် မြေ ၁၁၃၅ ပယ်အနက်၊ မြေ ၁၀၅၅ ပယ်ကို စည်သူမင်းအား ပုန်ကန်သော ပဒေသာသည်(ပတည်သာသည်)ထံမှ ရရှိ၏။ ရရှိပုံမှာ ပုန်ကန်သော ပဒေသာသည်သည် လက်ရဖမ်းမိသောအခါ၊ မင်းမယား စချီဗိုလ်အား ချဉ်းကပ်လျက်၊ မင်းကြီးအံ အပြစ်လွှတ်ရေး လျှောက်ထားပေးရန် ပန်ကြား၏။ စချီဗိုလ်၏ ကျေးပမ်းချက်ကြောင့် လွတ်မြောက်မူ လက်ဆောင်(တံစိုး)အဖြစ် ငွေ ၁၀၀၀ လည်း ပေးမည်ဆို၏။ မင်းမယား စချီဗိုလ်လည်း ပဒေသာသည် လွတ်မြောက်ရေး မင်းကြီးထံတွင် လျှောက်ထားလေလျှင်၊ မင်းကြီးက လွှတ်စေဟု အမိန့်တော်ချမှတ်သဖြင့်၊ ပဒေသာသည် လွတ်မြောက်၏။

ပဒေသာသည်လည်း ကတိအတိုင်းပေးမည်ဟု ခံဝန်ထားသော ငွေ ၁၀၀၀ အစား မြေပယ် ၁၀၅၅ ပယ်ပေး၏။

၁။ ပုံ ၂၃၂

( င ) စနေ။ ။ကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၃၁ ခုတွင် လှူသောကျွန်တယောက်ဖြစ်သည်။ ၎င်းသားမှာ တေလဖြစ်၏။

၁။ ပုံ ၂၂၇

( အို ) စရစ်။ ။ကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၃၁ ခုတွင် လှူသော ကျွန်တယောက်ဖြစ်သည်။

၁။ ပုံ ၂၂၇

စံပ။ ။ကျောင်းကျွန်။ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင်ကျောင်းကိုလှူသည့် ကျွန်တယောက်ဖြစ်သည်။

၁။ ပုံ ၂၂၆၁

စံမင်း။ ။စလေမြို့သူကြီး။စလေမြို့သူကြီး မဟာသမန်သား စလေမြို့သူကြီး ဖြစ်သည်။ ၎င်း၏ မြို့သူကြီးအဆိပ်စာချွန်များကို နုတ်သိမ်းရန် လွှတ်တော်မှ သက္ကရာဇ် ၁၁၆၇ ခု ဝါခေါင်လဆန်း ၁၁ ရက်နေ့(၂၅-၇-၁၈၀၆)တွင် အမိန့်တော်ချမှတ်သည်။

၁။ လပဝ ၉

စံပြဲ။ ။ကျောင်းကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကိုလှူသော ကျွန်တယောက် ဖြစ်သည်။ စံမြဲသည် စလေသားဖြစ်၍ ၎င်းသားမှာ ဖေနုန်းစားဖြစ်၏။

၁။ ပုံ ၂၂၆၁

စံသာ။ ။မြို့ကောင်းမြို့စား။ ၎င်း၏ သမီးသည် စံကိုင်းမင်း၏ အလယ်နန်းတော် မိဖုရားဖြစ်၍ ကနောင်နှင့် ကျောက်မော်မြို့များကို စားရ၏။

၁။ ပသဂ ၄၅ ၁၄၄

( င )ဝိမ်။ ။ရဘနာ ၃ ပါးကျွန်။ မင်းမယား စချိဗိုလ် သက္ကရာဇ် ၆၃၃ ခုတွင် ရဘနာ ၃ ပါးအား လှူသော ကျွန်တယောက်ဖြစ်သည်။ ၎င်းမှာ ငဦးပီး၏ သားဖြစ်သည်။

၁။ ပုံ ၂၃၂

( င )ဝိမ်။ ။ဘုရားကျွန်။ သူကြွယ်မြတ်သင် သက္ကရာဇ် ၆၃၂ ခုတွင် သမထီးကျောင်း ဘုရားကြီးအား သင်ပုတ်ဝတ်၊ဆိမ်းဝတ် လုပ်ကျွေးစိမ့်သောငှါ လှူသည့် ကျွန်တယောက်ဖြစ်သည်။ ၎င်းမယားမှာ အိုနှမဖြစ်၏။

၁။ ပုံ ၂၂၉၁

( အို )ဝံ။ ။ဘုရားကျွန်။စည်သူမင်းကြီး သက္ကရာဇ် ၅၅၀ ပြည့်တွင် နတ်ထမင်းရသော သခင်ထံပါးဘုရားအား လှူသော ကျွန်တယောက်ဖြစ်သည်။

၁။ ပုံ ၂၂၇ ၁

( င ) ညွန့်။ ။အဝဗိုလ်မှူး။မြင်းရည်တက်စာရင်းဝင် ညွန့်သည် အလောင်းမင်းတရားကြီး ခယ်မတော်ခင်ပွန်း ဖြစ်၏။မင်းလှကျော်သူ၊နေ့ကက် မင်းရဲကျော်သူဘွဲ့များသနားတော်မူ၍ အဝဗိုလ်မှူးခန့်တော်မူသည်။

၁။ ကဘဆ ၁။ ၂၉

[ တ ]

တကောင်း။ ။ပုဂံပြည်စစ်သူကြီး လက္ခဏာလက်ဝဲသည် သက္ကရာဇ် ၅၉၀ ပြည့်တွင် တကောင်းကို စစ်ထိုးရာ တကောင်းစစ်သည်တို့ အရေးနိမ့်၏။

၁။ ပုံ ၂၃၁ ခ

( ဒို ) တကောင်း။ ။ကျောင်းကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကို လှူသော ကျွန်တယောက် ဖြစ်သည်။

၁။ ပုံ ၂၂၆

တဏှင်္ကရာဘုရား။ ။ဘုရားနှစ်ကျိပ်ဆူအဝင်။တဏှင်္ကရာဘုရားသည် သာရမဏ္ဍကမ္ဘာ၌ ပွင့်တော်မူသော ဘုရားလေးဆူအနက် တဆူဖြစ်၏။

( င ) တပါး။ ။ဘုရားကျွန်၊ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ဘုရားကို လှူသော ကျွန် တယောက် ဖြစ်သည်။ ၎င်းအကိုများမှာ ပသာသည် ငပုန်းရှိ၊ ငပန်းတူနှင့် တေန်ခူးတို့ ဖြစ်သည်။

၁။ ပုံ ၂၂၆

( င ) တပါး။ ။ဘုရားကျွန်။ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ဘုရားကိုလှူသော ကျွန် တယောက်ဖြစ်သည်။ ၎င်းအကိုများမှာ လွဲနှင့် ငဝမ်းပြည့်တို့ဖြစ်၍ ညီများမှာ ငနောင် ငယ်၊ချစ်ပွယ်၊ငဦးတို့ ဖြစ်သည်။ငတပါးတွင် သားနို့စို့တယောက်လည်း ရှိ၏။

၁။ ပုံ ၂၂၆

( င ) တပါး။ ။ကျွန်။ ဇေယဒတ္တနာ သက္ကရာဇ် ၆၃၁ ခုတွင် လှူသော ကျွန်တယောက် ဖြစ်သည်။

၁။ ပုံ ၂၂၇

( င ) တလ။ ။ကျွန်။ ဇေယျာတ္တနာ သက္ကရာဇ် ၆၃၁ ခုတွင် လှူသည့် ကျွန်တယောက်ဖြစ်၏။ ၎င်းသည် င စနေ၏သားဖြစ်သည်။

၁။ ပု ၂၂၇

တဝစိုး။ ။သက်သေ။ ပုန်းဆိုးသင် လင်မယား သက္ကရာဇ် ၆ (၃) ၀ ပြည့်တွင် ဝက်ကူး ခေါ် မြေရပ်ကို ဝယ်ယူရာတွင် သက်သေတဦးအဖြစ် ပါဝင်သည်။

၁။ ပု ၂၂၄

တုပပ။ ။ခေါင်းသည်ရွာ ကလန်သံပျင်တဦး။ ငဝမ်းဖြည့်သင် သက္ကရာဇ် ၆၂၅ ခုတွင် မြေ ရောင်းရာ၌ သက်သေအဖြစ် ပါဝင်သည်။

၁။ ပု ၂၂၅

( င )တို။ ။ကျောင်းကျွန်။ ဇေယျာတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကိုလှူသောကျွန် တယောက် ဖြစ်သည်။

၁။ ၂၂၆

တောကျောင်းဘုရား။ ။မြင်းမှူးပို။ မင်းလှေ့ပါသည် သက္ကရာဇ် ၅၅၅ ခုတွင် တောကျောင်း ဘုရားကိုတည်ထား၍ စည်သူမင်းကြီးအား ပန်ကြားကာ၊ မြေလှူသည်ကား သန်မုရင်း ၁၅ ပယ်တရပ်၊ ယာ ၂ ခင်း တရပ်၊ မိုးရေဘင်လယ် ၁၀ ပယ်တရပ်၊ ကုန်း ၁၀ ပယ်တရပ်၊ စသည်တို့ဖြစ်၏။ ယို့နောက် နှစ်ကာလရှည်ကြာသောအခါ အငသုရင် ထူပါရုံဒါယကာ နရပတိသည် ယင်းဘုရားကို မြေနှင့်ထန်း လှူဒါန်းပြန်သည်။ ဤသို့ အဆက်ဆက်လှူခဲ့သည် များကို သက္ကရာဇ် ၁၁၄၇ ခုတွင် ဗဒုံမင်း ထပ်ဆင့်၍ လှူဒါန်းပြန်၏။

၁။ ဝရင်း ၈၈၁

တောတူရှာ။ ။မယ်ဝတီမြို့ကျေး။ သက္ကရာဇ် ၁၁၆၀ ခုတွင် ပေါက်တံသည် တောတူရှာသူကြီး အဖြစ် ထမ်းရွက်လျက်ရှိသည်။

၁။ လပပ ၁

( ၁ )တောင့်။ ။ဝင်ကိုင်ရွာ မြေအိုင်။ တောင်ဖက်စဥ်ကိုင်ရွာ ထိန်ရွာ မြေအိုင်သူကြီး ထွန်း အမှုတော်ကောင်းရာ လိုက်ထမ်းသောအခါ အရာခံသားမြေးမရှိသဖြင့် ယောက်ဖငတောင့် ကို ရွာအစာင့်ထားခဲ့၏။ ထွန်းအမှုတော်ကောင်းရာတွင် သေဆုံးသောအခါ သားမြေး

( ဦး )တုတ်ကြီး။ ။မြင်းစုကြီးဝန်။ ဆင်ဖြူရှင် မြေတူးမင်းလက်ထက်တွင် ရှေးဦးစွာ နေမျိုးဇေယပစ္စတေ ဘွဲ့နှင့် ကိုးသင်းမြင်းဝန်အဖြစ် ထမ်းရွက်ရသည်။ ၎င်းနောက် ယိုးဒယားကို ဇင်းမယ်ကြောင်းပိုလ်ချုပ်အရာနှင့် တိုက်ယူဆက်သသဖြင့်၊ မဟာသေနာပတိဘွဲ့နှင့် ဝန်ကြီး မြင်းစုကြီးဝန်ခန့်တော်မူသည်။

၁။ မသဂ ၄၅။ ၁၄၃

( င )တန်ဒူး။ ။ဘုရားကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ဘုရားအားလှူသော ကျွန်တယောက် ဖြစ်သည်။ ၎င်း၏အကိုများမှာ ပသာသည်ဖုန်းရှိနှင့်ပေန်းတူ၊ ညီငယ်မှာ တေပါးတို့ဖြစ်ကြ၏။

၁။ ပုံ ၂၂၆

( င )တန်ဒူး။ ။ကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၃၁ ခုတွင် လှူသော ကျွန်တယောက်ဖြစ်သည်။ ၎င်း၏ညီများမှာ မေညီးနှင့်သတင်းတို့ဖြစ်ကြ၏။

၁။ ပုံ ၂၂၆

တန်ဆယ်။ ။လောင်းသည်ရွာအနီး။ တန်ဆယ်သည် လောင်းသည်ရွာမြောက်ဖက်တွင်ရှိသော ဝက်ကူးမြေ၏ အရှေ့ဖက်နယ်ခြားဖြစ်၏။

၁။ ပုံ ၂၂၆

တန်ရောက်။ ။ပြိုကျေးမသိ။ ဇေယတ္တနာသည် သက္ကရာဇ် ၆၂၁ ခုတွင် တန်ရောက်အရပ် လယ် ၁၀ ကို သေနွှေးသင်သမီးထံမှငယ်ယူ၍ ပုဂံမြို့ရှိ တောကျောင်းဘုရားအား လှူခဲ့သည်။

၁။ ပုံ ၂၂၆

( အို )တန်လိုင်။ ။ကျောင်းကျွန်။ ဇေယတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကိုလှူသော ကျွန်တယောက်ဖြစ်သည်။ ၎င်း၏ယောကျ်ားမှာ စကုကျွန် သူငယ်ဖထွေးဖြစ်၏။

၁။ ၂၂၆

( င )တုန်။ ။စကုကျွန်။ တုန်သည် ဇေယဝတ္တနာ သက္ကရာဇ် ၆၃၁ ခုတွင် လှူသော စကုကျွန် တယောက် ဖြစ်သည်။

၁။ ပုံ ၂၂၇

ဒလ။ ။ဒလအရပ်၌ တကောင်းကိုစစ်ထိုး၍ အောင်နိုင်သူစစ်သူကြီး လက္ခဏာလက်ဝဲသေဆုံးသည်။

၁။ ပုံ ၂၃၁ ၁၂

ဒဟတ်။ ။ထမောင်ကာ အရပ်အဝင်။ မင်းမယား စချိဗိုလ်သည် ပဒေသာသည်ကမ်မှရရှိသော ဒဟတ်မြေ ၅၀ ကို သက္ကရာဇ် ၆၃၃ ခုတွင် ရတနာ ၃ ပါးအား လှူ၏။

၁။ ပုံ ၂၃၂

ဒိပဲယင်း။ ။(ထိပေဿသျှင်) စည်သူမင်းကြီးသည် ဒိပဲယင်းအရပ်မှ မြေ ၅၀၀ ကို မြေထိန်း ပုမ္မဗိုလ်နှင့်တကွ သက္ကရာဇ် ၅၅၀ ပြည့်တွင် သခင်ထံပါးအား လှူတော်မူ၏။

၁။ ပုံ ၂၂၇ ၁၁

ဒေဝပ်အဝိုင်ချောင်း။ ။ဟံသာဝတီမြို့နယ်။ ဒေဝပ်အဝိုင်ချောင်းသည် ဟံသာဝတီ ၃၂ မြို့နယ်နှင့် ဒန်လျင်မြို့နယ်မြေအစပ်၌ရှိသည်။

၁။ ဟံသာဝတီမြို့စစ်တမ်း ၆၄ ၁

[ ဓ ]

ဓညဝတီမြို့။ ။ရင်းမြို့စီရင်စုတွင် ကြက်စင်ကျွန်း၊ သလွန်တောင်ကျွန်း၊ ရိုးကျွန်း ဝင်ကျွန်း၊ ပိန္နဲကျွန်း၊ ထိန်တိုင်ကျွန်း၊ ပြည်စိုးကြီးကျွန်း၊ သူငယ်တော်ကျွန်း၊ ပေကျွန်း၊ လောင်းကြက်ကျွန်း၊ တောင်ရင်းကျွန်း၊ တောင်တက်ကျွန်း၊ ငါးစင်ရိုင်းချောင်းကျွန်း၊ ခေါင်းလောင်းကျွန်း စသည်တို့ရှိသည်။

၁။ လပ၀ ၁၀

ဓညဝတီမြို့စာရေး။ ။ငရှင်။ ဗဒိုမင်းလက်ထက် သက္ကရာဇ် ၁၁၆၇ ခုတွင် ဓညဝတီမြို့စာရေးမှာ ငရှင်ဖြစ်၏။

၁။ လပ၀ ၁၀

ဓညဝတီမြို့သူကြီး။ ။ငရှင်။ ဓညဝတီမြို့စာရေး ငရှင်ကို သက္ကရာဇ် ၁၁၆၇ ခုတော်သလင်း လပြည့်ကျော် ၁ ရက်နေ့ (၂၇-၇-၁၈၀၆)တွင် လွှတ်တော်မှ မြို့သူကြီးခန့်လိုက်သည်။

၁။ ပသက ၁၃။ ၂၄၀

ဓနုရန်အောင်ကျော်။ ။ရွှေလေးမှုး။ အလောင်းမင်းတရားကြီးသည် သက္ကရာဇ် ၁၁၁၄ ခုနှစ်တွင် ပုလိုးတိုနေရင်းအမှုထမ်းတို့မှ ဓနုရန်အောင်ကျော်နှင့် လေးသမားများကို လက်ကျ ကြောင်းပွဲရွှေလေး ၅၀၀ ဖွဲ့တော်မူသည်။

၁။ ကဘသ ၁။ ၅၈

ဓမ္မပေ။ ။အိမ်ရှေ့မြို့ရွာ။ မြောက်ဖက်တိုက်ဝန်ဘဲ့သည် ဗဒုံမင်း သားတော် အိမ်ရှေ့မင်း ရှေ့တောင်စားနှင့် သင့်ရာတွင် ဓမ္မပေဒေါ်ဘွဲ့ကို ရရှိ၏။

၁။ ဂငပ် ၂၆၀

ဓမ္မသေနာပတိ။ ။ကန္နီမြို့စား။ မဟာဓမ္မရာဇာဓိပတိမင်းသည် နတ်ရှင်ကြီးအား ဓမ္မသေနာပတိဘွဲ့ နောက် သီရိဇေယျကျော်စွာဘွဲ့များချီးမြှင့်၍ ကန္နီမြို့ကို စားစေသည်။

၁။ ပသဂ ၄၅။ ၁၄၄၊ ၁၄၅

## [ န ]

နဂါးဆိပ်။ ။ဟံသာဝတီမြို့။ နဂါးဆိပ်သည် ဟံသာဝတီမြို့ကျုံးအနောက်နားတွင် တည်ရှိသည်။ သက္ကရာဇ် ၁၁၁၈ ခု သတင်းကျွတ်လတွင် အလောင်းမင်းတရားကြီးသည် မင်းကျော်တမှတ်နှင့်ရွှေတောင်ရာဇာတပ်များကို နဂါးဆိပ်တိုင်အောင် အစုံအစမ်း ချီစေခဲ့သည်။ ထိုနေရာကို ရယူပြီးနောက် ဗိုလ်မှူးကျော်ထင်ကို သစ်တပ်တည်၍ နေစေခဲ့၏။ ၎င်းနောက် ပြာသိုလပြည့်ကျော် ၄ ရက်နေ့တွင် သစ်တပ်အစား အုတ်မြို့တည်စေပြန်သဖြင့် တည်ဆောက်ရ၏။

၁။ ကဘသ ၁။ ၂၁၁၊ ၂၇၇

နဂါးမိုရွာ။ ။ကျောက်ဆောက်မြို့ကျေး။ နဂါးမိုရွာသည် ကျောက်ဆောက်မြင်း ၄၄ စီးအဝင်မြင်းရွာတရွာဖြစ်၏။

၁။ ဝလက်သုရွာဝစ်တန် ၄၅ ခု

နန္ဒင်းကိုင်မင်းသမီး။ ။မယ်မကြီး။ သီရိသုမင်္ဂလာဒေဝီမယ်မကြီးသည် ဗဒုံမင်းနှင့် ပေါက်မြိုင်မြို့စားတို့သင့်ရာတွင် သက္ကရာဇ် ၁၁၄၄ ခု၌ မြင်သည့်သမီးတော်ဖြစ်၏။ နန္ဒင်းကိုင်ကို စားရသည်။ အင်ကြေးမောင်တော် ဇမ္ဗူမိဘုရားသားတော် ကလေးမင်းသား မင်းရဲနရာနှင့်သင့်၏။

၁။ ပငပ် ၂၆၀၊ ၂၇၁

ပနန်။ ။လယ်တွင်း ၁၁ ခရိုင် အဝင်အပါ။ မင်းယေား ကျော်ဂိုလ်သည် ပဒေသာသည်ဟံမှ ရရှိသော ပနန်ခရိုင်အဝင် ကြာအိုလယ် ၄၀ ကို သက္ကရာဇ် ၆၃၃ ခုတွင် ရဟန်း ၂ ဉပါးအား လှူတော်မူ၏။[၁]

၁။ ပုံ ၂၇၂[၁၁]

( င ) ပသင်။ ။မြေပိုင်ရှင်။ ငပသင်လင်မယား၊ သမီးအိုကယ်ဖ လင်မယားနှင့် မောင်ပန် စင်ထက် မိသားစု ၅ ယောက်တို့သည် သက္ကရာဇ် ၆(၃)၀ပြည့်တွင်လောင်းသည့်ရွာမြောက် ရှိ ကန်သုံးဆင့်တကန်နှင့် ဝက်ကူးအမည်ရှိသော သန်လယ်မြေ ၅၀ တို့ကို သက်သေများ ရှေ့၌ ငဖုန်းသင်လင်မယားအား အဖိုးခွက် ၃၅ ပိဿာ နွား ၇ ကောင်နှင့် ရောင်းကြ၏။[၁]

၁။ ပုံ ၂၂၄[၁၂]

( င ) ပါ။ ။အသည်ကြီး။ ငပါသည် ဖန်ကျီတိုက်အဝင် တရားမြို့မှ အသည်ကြီးစာရင်းဦးပါ သူဖြစ်၏။ ၎င်း၏သား ငဆက်သည် သက္ကရာဇ် ၁၁၆၀ ခုတွင် မိမိအား တရားမြို့သူကြီး ခန့် ထားရန် လွှတ်တော်သို့ လျှောက်ထား၏။[၁]

၁။ လဗစ ၃

( အို ) ပိ။ ။ဘုရားကျွန်။စည်သူမင်းကြီး သက္ကရာဇ် ၅၅၀ ပြည့်တွင် နတ်ထမင်းရသော သခင် ထံပါးဘုရားကို လှူသော ကျွန်တယောက်ဖြစ်၏။[၁]

၁။ ပုံ ၂၂၀ ခ[၁]

( င ) ပုကံ။ ။ဘုရားကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၀ ခုတွင် ဘုရားအား လှူသော ကျွန်တယောက်ဖြစ်၏။ ၎င်းမှာ ငကြက်စင်၏ သားဖြစ်သည်။[၁]

၁။ ပုံ ၂၂၆[၁၅]

ပုခန်းကြီးမြို့စား။ ။ကလေးမြို့စား ရှု၏။

ပုညသမန်။ ။စလေမြို့သူကြီး။စလေမြို့တွင် မြို့သူကြီး ၂ ရိုးရှိသည့်အနက် မြို့သူကြီးရိုးတရိုးကို ပုညသမန်ရိုးဟု ခေါ်သည်။ ပုညသမန်ရိုး စလေမြို့သူကြီးသည် ၄၅ ခု၊ ၆၄ ခု စစ်တန်း စာရင်းများ ဆက်သွင်းခဲ့ကြ၏။ ထိုမြို့သူကြီး၏ သားမှာ ငမို့ဖြစ်သည်။[၁]

၁။ လဗစ ၉

( င )ပျင်ခုံ။ ။ဘုရားကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ဘုရားကိုလှူသော ကျွန်တယောက်ဖြစ်၏။ ၎င်းအမိမှာ အိုမုံဖြစ်သည်။[၁]

၁။ ပုံ ၂၂၆ [၁၉]

ပျင်ရွာ။ ။မြင်းခုံတိုင်ခရိုင်။ မင်းမယား စချီဗိုလ်သည် သက္ကရာဇ် ၆၃၃ ခုတွင် မြင်းခုံတိုင်ခရိုင် အိုဆေးသစ်ရွာအနောက် ပျင်ရွာအရှေ့ မြေ ၂၅ ပယ်ကို လှူ၏။[၁]

၁။ ပုံ ၂၃၂ [၁၂]

( င )ပြည့်။ ။ကျောင်းကျွန်။ သူကြွယ်မြေတ်သင် သက္ကရာဇ် ၆၃၂ တွင် သမထိးကျောင်းကို ထေရအလုပ်အကျွေးဖြစ်စိမ့်သောငှာလှူသော ကျွန်ဖြစ်၏။[၁]

၁။ ပုံ ၂၂၉ [၂၀]

( င )ပြည့်။ ။ရတနာ ၃ ပါးကျွန်။ မင်းမယား စချီဗိုလ် သက္ကရာဇ် ၆၃၃ ခုတွင် ရတနာ ၃ ပါးအားလှူသော ကျွန်တယောက်ဖြစ်၏။[၁]

၁။ ပုံ ၂၃၂ [၇]

( င )ပြည့်စုံ။ ။ဘုရားကျွန်။ သူကြွယ်ဝေမ်းဖြည့်သင် သက္ကရာဇ် ၆၃၁ ခုတွင် ကူဘုရားပြုလုပ်၍လှူသော ကျွန်တယောက်ဖြစ်သည်။[၁]

၁။ ပုံ ၂၂၅ [၁၁]

( အို )ပြည့်စုံ။ ။ကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၃၁ ခုတွင်လှူသော ကျွန်တယောက် ဖြစ်သည်။

၁။ ပုံ ၂၂၇ [၁၂]

( အို ) ပြည့်စုံ။ ။ဘုရားကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ဘုရားကိုလှူသော ကျွန်တယောက်ဖြစ်သည်။ ၎င်း၌မိဦးအမည်တွင်သော သမီးရှိ၏။[၁]

၁။ ပုံ ၂၂၆ [၂၆]

( င )ပြည့်ရာသင်။ ။သက်သေ။ သက္ကရာဇ် ၆၃၃ ခု သတင်းကျွတ်လဆန်း ၅ ရက် ကြာသပတေး နေ့တွင် အဝီစိငရဲကျရောက်မည်ကို စိုးရွံ၍၊ လက္ခာလက်ဝဲသည် နားတောင်များမင်းထံမှ

လကျ်ာသိမ်ပါ။ ။ကျွန်။စည်သူမင်းကြီး သက္ကရာဇ် ၅၅၀ ပြည့်နှစ်တွင် နတ်ထမင်းရသော သခင်ထံပါးအား ပုတက် မြေ ၈၁ နှင့်တကွ လှူသော ကျွန်ဖြစ်သည်။

၁။ ပု ၂၂၈ ခ

လက်ပဲကျော်ထင်။ ။အထဲရုံမြို့စား။ ပဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၆၇ ခုတွင် အထဲရုံမြို့စားအဖြစ်နှင့် တည်ရှိနေသည်။[၁]

၁။ လပ၀ ၁၇

လက်ဝဲဇေယျကျော်။ ။လွှတ်တော်စာရေးကြီး။ ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၆၈-၉ ခုနှစ်များတွင် လက်ဝဲဇေယျကျော်သည် လွှတ်တော်စာရေးကြီးအဖြစ် ထမ်းရွက်လျက်ရှိသည်။[၁]

၁။ လပ၀ ၃၊၇

လက်ဝဲဇေယျသူ။ ။လွှတ်တော်စာရေးကြီး။ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၆၈ ခုတွင် လက်ဝဲဇေယျသူသည် လွှတ်တော်စာရေးကြီးအဖြစ် ထမ်းရွက်လျက်ရှိသည်။[၁]

၁။ လပ၀ ၂

လက်ဝဲရွှေတောင်။ ။အိမ်ရှေ့ကွမ်းရေကိုင်။၎င်းသည်ကနောင်မြို့စား အသည်ဝန်ကြီးသားဖြစ်၍၊ ဗဒုံမင်းလက်ထက်တွင် အိမ်ရှေ့အိမ်တော်၌ ဆင်ရှင်ရွာစား ၄၀ တော် သွေးသောက်ကြီးအဖြစ် ထမ်းရွက်ရသည်။ လက်ဝဲရွှေတောင် အမည်နှင့် ကွမ်းရေလည်း ကိုင်ရသည်။[၁]

၁။ မသဂ ၄၅။ ၁၅၉

( င ) လောင်သင်။ ။ဘုရားကျွန်။ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ဘုရားအားလှူသော စည်သဘင်ကျွန်တယောက်ဖြစ်သည်။ ၎င်းသည် ကျွန်သင်လျင် ငချေးသားဖြစ်၍၊ ငဝမ်း ဖြည့်သင်အမည်တွင်သော ညီတယောက်ရှိ၏။

၁။ ပုံ ၂၂၆

လောင်းကြက်ကျွန်း။ ။ဓညဝတီမြို့ကျေး။ဓညဝတီမြို့နယ်တွင်းရှိ ကျွန်များအနက်ကျွန်းတကျွန်း ဖြစ်သည်။[၁]

၁။ လပဆ ၂၀

(လေးရှာ) သဉ်ယာဂူဘုရား။ ။ထိုဘုရားအား သီဟပတေ့မင်းမောင်နှံသည် သက္ကရာဇ် ၇၆၈ ခုနှစ်တွင် လေးရှာနယ်မှ ထန်းတရင်းတက်၊ တရာနိုင်ငံမှ ထန်းတရင်းတက်လှူခဲ့၏။

၁။ စာရင်း ၈၂၇

သင်တောင်။ ။ခရိုင်။ မင်းမယားစချိဗိုလ်သည် သက္ကရာဇ် ၆၃၃ ခုတွင် သင်တောင်ခွင်အဝင် သယောင်ပြောင်းမြေ ၈၀ ကို ရဟန္တာ ၃ ပါးအားလှူ၏။

၁။ ပုံ ၂၃၂

(င) သင်လည်။ ။ကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၃၃ ခုတွင် လှူသော ကျွန်တယောက် ဖြစ်သည်။

၁။ ပုံ ၂၂၇

သိမ်နရာ။ ။ကလံပွားမြင်းစီး။ အလောင်းတရားကြီးအမိန့်တော်အရ သက္ကရာဇ် ၁၁၁၇ ခု နယုန်လတွင် မင်းရဲကောင်းပုံနှင့် ကလံပွားမြင်းစီး သိမ်နရာတို့သည် လှေတော် ၂စင်းနှင့် ဟိုင်းကြီးကျွန်းသို့ ချီတက်ရသည်။

၁။ ကဘဆ ၁။ ၁၄၇

(င) သောင်ကာ။ ။ဘုရာကျွန်။ လက္ခဏာလက်ဝဲ ဒလဘွင် မြေးတပါးတင်ကို ခေါင်းအုံးလျက် သေအံ့သဲသဲတွင် ဘုရားအားလှူသော ကျွန်တယောက် ဖြစ်သည်။

၁။ ပုံ ၂၃၁ ၁

သစ်ပုံရွာ။ ။မေဃဝတီပြိုကျေး။ သစ်ပုံရွာသည် မေဃဝတီမြို့အဝင်ဖြစ်၍ သက္ကရာဇ်၁၁၆၈ခုတွင် ရွာသူကြီးအဖြစ် ထမ်းရွက်လျက်ရှိသူမှာ ငမြကျော်ရှိဖြစ်၏။

၁။ လ၀၀ ၁

သန်လျင်မြို့။ ။သန်လျင်မြို့နှင့် ဟံသာဝတီ ၃၂ မြို့နယ် မြေအခြားမှာ စစ်တောင်းမြစ်ဝကသည် အမရခြောင်းဝထိ ဝင်လေးချောင်း၊ ဒေးစပ်အစိုင်ချောင်းများဖြစ်သည်။ သန်လျင်မြို့မြေမှာ ဒလမြို့နယ်နှင့်လည်း စပ်လျက်ရှိသည်။

၁။ ဟံသာဝတီမြို့စစ်တန်း ၆၄ ခု

ကိုလည်း လှူခဲ့၏။ တူရွင်းတိုင်စား သမီးမောင်နှံ လှူဒါန်းခဲ့သည် အတိုင်း ဗဒုံမင်းသည် သက္ကရာဇ် ၁၁၄၇ ခုတွင် ထပ်ဆင့်၍လှူဒါန်းပြန်သည်။

၁။ စာရင်း ၈၂၇ ကျော်

## [ ဟ ]

ဟာခန်း။ ။ရန်မျိုးအောင်။ အလောင်းမင်းတရားကြီးသည် သက္ကရာဇ် ၁၁၁၅ ခု တပေါင်းလတွင် ဆင်ဘို မှန်ကင်းသို့ ဝါရာ၌ ဟာခန်းအောက်ကျွန်းကို ရန်မျိုးအောင် သပုတ်၍စံတော်မူသည်။

၁။ ကဘသ ၁။ ၈၃

ဟင်းတပင်းသမီး။ ။ဗဒုံမင်းသမီးတော်။ ဗဒုံမင်းနှင့် အလယ်နန်းမတော် မိဖုရားတို့မှ သက္ကရာဇ် ၁၁၂၃ ခုနှစ်တွင် ဖွားမြင်သည့်သမီးတော်ဖြစ်၍ ငယ်မည်မှာ မမင်းတုတ်ဖြစ်၏။ သီရိမဟာရတနာဒေဝီဘွဲ့ခံ၍ ဟင်းတမြို့နှင့် တလုပ်မြို့များကို ကံကျေးခံရသည်။ မမင်းတုတ်သည် ဗဒုံမင်းအိမ်တော်စံစဉ်က သမီးတော်အကြီးဆုံးဖြစ်၏။ ဘုံကျော်အောင်သာ ကျောင်းဒါယကာမလည်းဖြစ်၏။

၁။ ပငပ ၂၆၁၊ ၂၈၇

ဟင်းတမြို့စား။ ။လက်ျာရန္တမိတ်။ စနေမင်းလက်ထက်တွင်ဇေယျတမန်ကို လက်ျာရန္တမိတ်ဘွဲ့နှင့် ဟင်းတမြို့ကို စားစေသည်။

၁။ ပသဂ ၄၅။ ၁၅၉

ဟင်းတမြို့စား။ ။မိဖုရား။ စကိုင်းမင်းသည် အဝနန်းကို သက္ကရာဇ် ၁၁၈၅ ခုနှစ်တွင် တက်သိမ်းသောအခါ မင်းကြီးမင်းခေါင်သမီးကို မြောက်နန်း မိဖုရားထား၍ မိတ္တီလာမြို့နှင့် ဟင်းတမြို့များကို စားစေသည်။

၁။ ပသဂ ၄၅။ ၁၅၀

ဟိုင်းကြီးကျွန်း။ ။ပုသိမ် ၃၂ မြို့အဝင်။ အလောင်းမင်းတရားကြီးသည် သက္ကရာဇ် ၁၁၁၇ ခုနှစ် နယုန်လတွင် မင်းရဲကောင်းပုံနှင့် ကလံပွားဖြင်းစိး သိမ်နရာတို့ကို လှေတော် ၂ စင်းနှင့် ဟိုင်းကြီးကျွန်းသို့ ခါစေသည်။ ထိုအခါက ဟိုင်းကြီးကျွန်းတွင် အင်္ဂလိပ် အရှေ့ အိန္ဒိယ ကုမ္ပဏီမှ ကိုယ်စားလှယ်များ အခြေစိုက်လျက်ရှိ၏။

၁။ ကဘသ ၁။ ၁၄၇

(င) တည်။ ။အဘရ မြို့သူကြီး။ အထရ မြို့စား လက်ဝဲကျော်ထင်သည် အထရ မြို့သူကြီး တော့စုကို ရာဇဝတ်တော်နှင့် စီရင်သဖြင့် မြို့သူကြီး အရာလစ်လပ်ရှိသည်တွင် တေည်အား ခန့်ထားသင့်ကြောင်း သက္ကရာဇ် ၁၁၆၄ ခု နတ်တော်လတွင် လျှောက်ထားရာ လွှတ်တော်မှ တေည်အား အထရ မြို့သူကြီးခန့်လိုက်၏။

၁။ လပစ ၁၇

ဟန်လင်းပိုလ်။ ။မင်းကျော်တန်ဆောင်။ ဟန်လင်းပိုလ် မင်းကျော်တန်ဆောင်သည် အလောင်းမင်းတရားကြီး၏ တပ်မှူးတယောက်ဖြစ်၏။ ပြည်မြို့သို့ သက္ကရာဇ် ၁၁၁၆ ခုနှစ် တပို့တွဲလတွင် ချီတက်ရာ၌ တိုက်လှေကြီး ၁၅ စီးကို အုပ်ကွပ်၍ ပါရှိသည်။

၁။ ကဘသ ၁။ ၁၁၉

ဟန်လင်းမြို့ခေါင်း။ ။အလောင်းမင်းတရားကြီးသည် ၄၆ ရပ်ခေါင်းတို့အား ချီးမြှင့်ရာ၌ ဟန်လင်းမြို့ခေါင်းကို လက်ဝဲရွှေတောင်နှင့် ဟန်လင်းမြို့နောက်ခေါင်းကို တုရင်သိခ်ဘွဲ့များ ချီးမြှင့်သည်။

၁။ ကဘဆ ၁။ ၃၃။ ၃၄

ဟန်လင်းမြို့စား။ ။တရားစစ်ဝန်ထောက်။ စည်သူဇေယျကျော်ထင်ဘွဲ့ခံ ဦးမြတ်သန္တကိုဗဒုံမင်း လက်ထက်တွင် တရားစစ်ဝန်ထောက် ဟန်လင်းမြို့စား ခန့်တော်မူသည်။

၁။ မသဂ ၄၅။ ၁၅၁

ဟံသာဇိုင်းဂနိုန်မြို့။ ။ဟံသာဝတီ ၃၂ မြို့အဝင်။ ဟံသာဝတီဘုရင် သုရှင်တကာရွတ်ပိမင်း လက်ထက်တွင် ဟံသာဇိုင်းဂနိုင်မြို့ကို တည်ထောင်ပြုစုသည်။

၁။ ဟံသာဝတီမြို့စစ်တမ်း ၆၄ ခု

ဟံသာဇိုင်းဂနိုန်မြို့နယ်သည် အရှေ့သို့ ပကိုးမြစ်ကောက်ကောက်စင်းစင်း တဖက် ဟံသာဝတီမြို့နယ်မြေနှင့် ကျောခိုင်း။ အရှေ့တောင်ကို ဂိုင်တလားချောင်းဝထိ တဖက် မော်ပြိုမြို့မြေနှင့် ကျောခိုင်း။ တောင်ကို ဂိုင်တလားချောင်းထိ တဖက် မော်ပြိုမြေနှင့် ကျောခိုင်း။ အနောက်တောင်ကို ကျိုက်ဒေပြဘုရားထိ တဖက် လကွန်ပျည်း မြို့မြေနှင့် ကျောခိုင်း။ အနောက်ကို မပဟူရာချောင်းထိတဖက် တိဘွတ်မြို့မြေနှင့် ကျောခိုင်း။ မြောက်ကို

အနောက်တော။ ။ပခုက္ကူမြို့နယ်။အနောက်တောသည် ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ ကျပ်ရွာတိုက်အဝင် ရွာငယ်တရွာဖြစ်၍ အေဒီ ၁၇၉၁ ခုတွင် လူဦးရေ ၁၄၄ မျှသာဖြစ်၏။ အခွန်တော်ငွေ ၃၆ဝ ပေးဆက်ရသည်။

၁။ ဂဲကက် ၂။ ၁။ ၂၅

အနောက်တော။ ။မြိုင်မြို့နယ်။အနောက်တောသည် ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ချောင်းဆုံကြီးတိုက်အဝင် ရွာငယ်တခုဖြစ်သည်။ အေဒီ ၁၇၉၁ တွင် လူဦးရေ ၇ဝ ရှိ၍ အခွန်တော်ငွေ ၁၃ဝ ပေးဆောင်ရ၏။

၁။ ဂဲကက် ၂။ ၁။ ၂၅

အနောက်ဒေါင်းမ။ ။မြိုင်မြို့နယ်။အနောက်ဒေါင်းမသည် ပခုက္ကူခရိုင်၊မြိုင်မြို့နယ်။ဗျည်းတိုက်အဝင် ရွာငယ်တခုဖြစ်သည်။အေဒီ ၁၇၉၁ ခု သန်းခေါင်စာရင်းအရ အနောက်ဒေါင်းမ၏ လူဦးရေသည် ၇၂ ဖြစ်၏။ ယင်းမှ အေဒီ ၁၇၉၇ ၇ တွင် သဿမေမအခွန်တော်ငွေ ၃၆ဝ ပေးဆောင်ရ၏။

၁။ ဂဲကက် ၂။ ၁။ ၂၅

အနောက်ဝင်းပျူ။ ။မဟာဥက္ကမသကြံ ရှု။

အနောက်အုံရွာ။ ။ပုဂံမြို့ကျေး။အနောက်အုံရွာသည် စဉ့်ရွာတောင်ဖက်တွင်ရှိသည်။သက္ကရာဇ် ၁၁၄၅ ခုတွင် အနောက်အုံရွာစစ်တန်းစာရင်း ဆက်သွင်းသည့်သူကြီးသည် မိချင်းဖြစ်၏။

၁။ အနောက်အုံရွာဝစ်တန်း ၃၅ ခု

အမရချောင်း။ ။နယ်ခြား။ အမရချောင်းသည် ဟံသာဝတီ ၃၂ မြို့နယ်နှင့် သန်လျင်မြို့နယ် အစပ် စစ်တောင်းမြစ်ဝ၊ ဝင်းလေးချောင်း၊ ဒေးစပ်အစိုင်ချောင်းအစပ်တွင် ရှိသည်။

၁။ ဟံသာဝတီမြို့စစ်တန်း ၆၄ ခု

အမင်း။ ။ဇေယဝဍ္ဍနသား။ အမင်းသည် သက္ကရာဇ် ၆၂၁ ခုတွင် ပုဂံမြို့ပို တောကျောင်းနှင့် ဘုရားအား မြေကျွန်စသည်များကို ဖခင်နှင့် အတူ လှူဒါန်း၏။

၁။ ပု ၂၂၆

( မိ ) ဦး။ ။ကျောင်းကျွန်။ ဇေယဝဍ္ဍနာ သက္ကရာဇ် ၆၂၁ ခုနှစ်တွင် ကျောင်းကိုလှူသော ကျွန်တယောက်ဖြစ်သည်။ ၎င်း၌ အိုလက်အမည်ရှိသော ညီမရှိ၍၊ ထိုညီအမတို့သည် ဦးဖွဲ့သည်အိုမြေပုံသမီးများဖြစ်ကြ၏။

၁။ ပု ၂၂

ပိဦးကြီး။ ။ကျွန်။ ဇေယဝဍ္ဍနာ သက္ကရာဇ် ၆၃၁ ခုနှစ်ဘွင် လှူသော ကျွန်တယောက်ဖြစ်သည်။

၁။ ပု ၂၂၄

ဦးညိုပြူ။ ။ရွာသူကြီး။ ဦးညိုပြူသည် မေဃဝတီမြို့ကျေး ကြက်ရိုးရွာသူကြီးဖြစ်၍၊ ၁၁၆၄ ခုစစ်တန်းစာရင်းဆက်သွင်း၏။

၁။ လပဝ ၁

( င ) ဦးပိ။ ။ဘုရားကျွန်။ ဇေယဝဍ္ဍနာ သက္ကရာဇ် ၆၂၁ ခုနှစ်တွင် ဘုရားကိုလှူသော ကျွန်တယောက်ဖြစ်၏။ ၎င်းအကိုများမှာ ငလွဲ၊ ငဝမ်းဖြည့်၊ ငတပါး ငနောင်ငယ်နှင့် ငချစ်ဖွယ်တို့ဖြစ်ကြသည်။

၁။ ပု ၂၂

( င ) ဦးပိး။ ။ကျွန်။ မင်းမယား စချိဗိုလ်သည် သက္ကရာဇ် ၆၃၃ ခုနှစ်တွင် ရတနာ ၃ပါးကို လှူသော ကျွန်တယောက်ဖြစ်၏။ ငဦးပိးသည် ငစိမ်း၏သား ဖြစ်သည်။

၁။ ပု ၂၇၂

( င ) ဦးလွယ်။ ။ကျွန်။ ဇေယာဍ္ဍနာ သက္ကရာဇ် ၆၃၁ ခုတွင်လှူသည့် ကျွန်တယောက်ဖြစ်သည်။

၁။ ပု ၂၂၄

( င ) ဦးလွယ်။ ။ဘုရားကျွန်။ ဇေယဝဍ္ဍနာ သက္ကရာဇ် ၆၂၁ ခုနှစ်တွင် ဘုရားကိုလှူသော ကျွန်တယောက်ဖြစ်သည်။ ၎င်း၏ညီမှာ ငသံဖြစ်၍၊ ဖထွေးများမှာ ငဝမ်းဖြည့်၊ ငတပါး၊ ငနောင်ငယ်၊ ငချစ်ဖွယ်တို့ဖြစ်၏။

၁။ ၂၂

**ကနက္ကဒါန်ထီး။** ။ထီးဖြူတော်ငါးပါးအဝင်အပါ။ ယိုထီးဖြူတော်ကို သမ္မဒေဝနတ်သမီး စောင့်သည်ဆို၏။

ကနကဒဏ်ထီးမှာ သုဒဿနစကြာမင်းလက်ထက် ကျွန်းဦး ဇမ္ဗူ့သဒ္ဒပြရွှေကို ထီးအရိုးလုပ်သဖြင့်ကနကဒဏ်ခေါ်ရသည်ဆိုသည်။ကနကဒဏ္ဍ=ရွှေရိုးဆိုလိုသည်။ ထီးဆိုသမျှသည် ရွှေသား ပုဇွန်ခွံမှုန်း ရွှေရိုးလုပ်သည်တွင် ဂုဏ်ထူး၍ ပကတိ ရွှေသား အရိုးလုပ်လေသောကြောင့် ကနကဒဏ် ခေါ်ဝေါ်သမုတ်သည်လည်း ဆိုသည်။ ကေရာဇ်မင်းမြတ်တို့သည် ကနကဒဏ်ရိုပ်ကို မပြတ်ခိုရာ၏ဆိုသည့်အတိုင်း ဥကင်မုတ်ထွတ်အနီး၌ ကနကဒဏ်ထီးကို လက်ရင်းထားလေသည်။

၁။ ရွှေဘုန်းနိဒါန်း ခန်း ဂ၃

**ကမကော်လှေ။** ။မင်းသုံးလှေတော်တမျိုး။

ယင်းကမှ အိကင်း။ သာရကာ။ သာရဗိမာန်။ ကပကော်။ လှေတော် လေးစင်းတွင် မင်္ဂလာစည်တော်စုံ ရှမ်းလျက်လိုက်ရသည်။

ရှူးပျံနားလျက်ရှိသည့်အကိုင်းကို ရမည်တိုင်းသားတို့ လုပ်ဆောင်ရသော ကြောင့် ထိုလှေကို ကမကော် ခေါ်ဝေါ်သမုတ်လေသည်။ ရှူးပျံကို ရာမည တိုင်းသားတို့မှာ ကမကော် ခေါ်ဝေါ်သည်။ ကျားမျက်နှာနှင့်တူသည့် သတ္တဝါ ဆိုလိုသည်။ ရှည်လျား၍ ကမကော် ခေါ်ဝေါ်သမုတ်သည်၊ က-မှာ ငါးဆိုသည်၊ မကော်မှာ-ကဗ္ဗိဆိုသည်၊ ကမ္ဘာငါးကြီးမျိုးသူသည်။ ကပကော်လှေ နှစ်နည်း အကြောင်းရှိသည်တွင် သူရာငါးကြင်းရုပ် ရော့တော်လည်းရှိသည်ဖြစ်၍ ကမ္ဘာ ငါးကြီးဆိုသည့်စကားနှင့်ညီလျော်သည်။

၁။ ကဘဆ ၁။ ၁၂၂ ၂။ ရွှေဘုန်းနိဒါန်း ခန်း ၇၂

**ကပိလရသေ့။** ။ကပိလရသေ့နတ်။ ဗဒုံမင်းလက်ထက်တွင် အိန္ဒိယပြည်မှ ဆောင်ယူလာသော ကျမ်းများကို မြန်မာပြန်စေ၍ ယင်းကျမ်းဂန်ထွက်အတိုင်း လိုက်နာကျင့်သုံးသည်။
လောကီကျမ်းစာများကိုလိုက်နာပြီးလျှင်။ ပိဋကတ်ကျမ်းဂန်မှာမပါသော။ ဟိန္ဒူအယူဖြစ်သော ကပိလရသေ့ရုပ်။ သကန္ဒနတ်ရုပ်။ စိတ္တရပလိမာန်နတ်ရုပ်။ စသောနတ်ရုပ်များကို ပူဇော်တင်မြှောက်သည်။

၁။ မြန်မာပင်း ၃ ခန် ၃၅၄

ကရနက်။ ။အမြောက်တမျိုး။ (Carronade)

ရထားတစီးလျှင် အမြောက်သုံး သံကရနက် တဆယ် ရှမီးတဆယ်ကျစီ ရဲတင်း ပုဆိန်တဆယ့်နှစ် နားပန်းစောင့်သေနတ်နှစ်ဆယ်။ ရထား ကုံ ကျွေးငါးဆယ်စီ။[၁]

၁။ ကဘဆ ၁ ၂၀၀

ကရဝိတ်ဖေါင်။ ။ကရဝိတ်ငှက်ပုံသဏ္ဍာန်ပြုလုပ်ထားသော မင်းစီးဖေါင်တော်တမျိုး။

အမတ်နန္ဒသူရ စီရင်ကြပ်မ၍လုပ်သည့် ကရဝိကဖိုမ ပြာသာဒ်သုံးဆောင်ဘုံကိုးဆင့် ဖေါင်တော်ကြီးကိုသိမ်းတော်မူ၍....ရွှေလှော်ကား လက်ဝဲလက်ျာရှစ်စင်းစီ ငင်ရသည်။[၁]

ကရဝိတ်ဖေါင်မြတ်။ ။ ခံပြာသာဒ်ထက်၊ သုဒသန၊ . အယုဇ္ဈဝယ်၊ ဒေဝအချာ၊ အသူရာကို၊ စကြာ့နေဟန့်၊ တိုက်မည်ဖြန့်သို့။[၂]

ရွှေဘောင်ငြိုးညိတ်၊ ကရဝိတ်ထက်၊ ရွှေဗိမာန်ဆီ။[၃]

ပြည်ကြီးမှန်ဘောင်တော် ကရဝိတ်ဘောင်တော် သက်နက် စသော ဘောင်တော်ကြီးများမှာ မြစ်နားဆိပ်နားတွင်ဖြစ်၍ဦးပဲ့ကြိုးကျားခိုင်လုံအောင် တည်ထားစေရသည်။[၄]

၁။ မရက ၃။ ငဝေမ်း၊ ငကျော ၂။ ပေါင်းချောင် ပို့ဒ် ၃၀
၃။ ယင်းပို့ဒ် ၄၉ ၄။ ရွှေနန်းသုံး ခန်း ၁၂၆

ကရဝိတ်ရုပ်ကွမ်းအုပ်။ ။မင်းသုံးမင်းဆောင်တရပ်။ ကရဝိတ်ကွမ်းအုပ် စတင်ဖြစ်ပေါ်လာပုံကို ရွှေဘုံနိဒါန်း၌ ဆိုသည်ကား သီရိဓမ္မာသောက၏ မိဖုရားကြီး အသန္ဓိမိတ္တာသည် ကရဝိတ်ငှက် ကျူးရင့်သံကို ကြားတော်မူသောအခါ ကရဝိတ်သံသည် ဤမျှနာဖွယ်ရာဖြစ်လျှင် မြတ်စွာဘုရားသခင့် အသံတော်သည် မည်မျှနာဖွယ်ရာ ရှိမည်နည်းဟု နှလုံးထားသဖြင့်ပီတိဖရဏစေတနာကြောင့် သောတာပန် တည်လေသည်။

ငှက်နိမိတ်ကိုအကြောင်းပြုသဖြင့် ကရဝိက်ငှက်သာ နန်းကျောက်ကို ကမ္ဗည်းထုပ်လုပ်၍ တည်ထားလေသည်ဆိုသည်။ ကရဝိက်ကမ္ဗည်းထုပ်ကို မင်းတို့ဆောင်ကြောင်းကိုလည်း ပညာရှိတို့စပ်ဆိုသည်မှာ...လျှတင့်ရောင်ဝါတိ၊ ပြောင်ပြောင်ကိတ်သည်၊ ကရဝိက်ကမ္ဗည်းအုပ် စံချုပ်ချက်ချည်၊ ရွှေတော်ဟည်ခြူး ဆပ်ဆိုလေသည်။

၁။ ရွှေဘုံနိဒါန်း ခန်း ၁၇

ကရား။ ။ကရားသည် ဗဒုံမင်းလက်ထက်တွင် လက်ျာတော်မင်းခမ်းအဝင်ဖြစ်၍ စကိုင်းမင်းလက်ထက်မှသည် မင်းတုန်းမင်းလက်ထက်ခေတ်တိုင် လက်ဝဲတော်မင်းခမ်းအဝင်ဖြစ်၏။

ရွှေကရားမှာ မင်းတို့ အစဥ်သုံးဆောင်ရာဖြစ်သည် မှာရန်ရှိသည်၊ အကြောင်းကိုထောက်လျှင် နန္ဒရေဝမင်းသား ဥက္ကာဥ်ကျောက်ဖျာပေါ်တွင် တကိုယ်တည်း တည်နေသည့်ကာလ ရထားဆိုက်ရောက်လျှင် မင်းပတ်ခမ်းဆားကို အမတ်တို့က ပြသည့် အဝတ်ဆန်ဆာကိုမဆောင် မှူးမတ်တို့တင်ပါသည့် ရွှေကရားဖြင့် ခိဥာန်၍ ရေသွန်းပြီးလျှင် ရှေးပြုဘူးသော ပုညသမ္ဘာရတို့သည် အချိန်ရောက်ပြီဖြစ်၍ ပဒေသာပင်ပေါက်သည့်၊ ပဒေသာပင်က အဝတ်တန်ဆာကို ဆင်ယင်သည်ကို ထောက်လျှင် ရွှေကရားသည် မင်းတို့ အစဥ်သုံးဆောင်မြဲဖြစ်သည် ယူဆရမည်။

ငါ့အောင်မြင်တော်မူသည် ဖြစ်စေသောဟု သစ္စာဓိဋ္ဌာန်တော်မူ၍ ရွှေကရားနှင့် ရေသွန်းတော်မူသည်။

သင်္ဘေးတို့ကို အဆောင်ပေးသည်ကား ငွေကွမ်းအင် မိုးကြိုးကြုတ်ခွက် မိုးကြိုးကရားကိုပေး၍ သည်နောက် မိုးကြိုးကွမ်းအင် ကြုတ်ခွက်ငွေ မိုးကြိုးကရား အထွတ်ရွှေကို ပေး၍ဆောင်သည်။

၁။ ပုဒ္ဓါ ပိုဒ် ၂၁။ ကုသပျို့ ပိုဒ် ၃။ အဘိရူက ပိုဒ် ၁၂၇

၂။ ရွှေဘုံနိဒါန်း ခန်း ၁၂ ၃။ ဖဆလာ ၇ ၄။ လကဇဟ ၂၂၀-၉

ခြသေ့်ခံကရား။ ။ခြသေ့်ခံကရားသည် လက်ဝဲတော်မင်းခမ်းတော်ဖြစ်သည်ဟု စာဆိုအများက ယူကြ၏။ သို့သော် ဗုန်းရှေးဟောရာတော်ကမူ လက်ျာတော်မင်းခမ်း ၁၃ တွင် ပါဝင်သည်ဟုဆို၏။

၁။ ပုဒ္ဓါ ပိုဒ် ၂၁။ သုတ ပိုဒ် ၂၂။ ဂီတ ၄။ ဝေသော ပိုဒ် ၅။ ကုသ ပိုဒ် ၁၄

(မကန်း)ကရား။ ။ ၎င်းကို စာဆိုအများက လက်ျာတော်မင်းခမ်းတွင် ထည့်သွင်းကြ၏။ သို့သော် တွင်းသင်းတိုက်ဝန် မဟာစည်သူက မကန်းကရားကို မဟာဇနကပျို၌ လက်ဝဲတော် လက်ျာတော်မင်းခမ်း ၂မျိုးလုံးတွင် ထည့်၏။[၁]

၁။ ဇနကပျို ပိုဒ် ၈၁။ ဂီတ ၃၇။ သုတသောမ ပိုဒ် ၂၆။ မဃဒေဝ ပိုဒ် ၆၆

ကရင်ခွန်။ ။ဟံသာဝတီ ၃၂ မြို့နှင့် တောင်ငူမြို့နယ်ရှိ ကရင်တို့ ထမ်းရွက်ရသော အခွန်။

ဘောနီချောင်း၊ ပွဲတမောချောင်း၊ မယမ်းချောင်း၊ ကောလိယချောင်း၊ ပိုင်းတာချောင်း၊ပွတ်ကျားချောင်း၊ ဆပ်ချောင်း၊ ကျားချောင်းများတွင် နေထိုင်သည့် ကရင်တို့မှာ တနှစ်လျှင် တအိမ်ကို ခွန်မ ၉ိ။ ပို့ဆောင်ဝန်ရေး ၉ျစီကြ။ ကျွန်တော် မြို့သူကြီးတို့က နှိုးဆော်တောင်းခံ၍ ရန်ကုန်မြို့ရုံးတော်မှာ အခွန်ဝန် စာရေးတို့ထံ ပေးရိုး။[၁]

ရှားသစ်ကြီးကရင် အရှေ့စည်ပင် မည်ဖြူ ကန္ဒိကွမ်းအုံ ကရင်များက တကိုယ်လျှင် အခွန်တော် စပါးတတင်းကျစီ ကရင်အမှုဆောင်တို့ နှိုးတော်၍ ကရင်ကျီတော်သို့ သွင်းရပါသည်။[၂]

၁။ မသဂ။ ၆။ ၂၂၂ ၂။ တောင်ငူမြို့စစ်တန်း ၄၅ ၃

ကရတ်။ ။နိုင်ငံခြားဖြစ် အထည်အလိပ်တမျိုး။

သားတော်ညီတော်တို့ ဝေပလာရလျှင် ပေးသည့် အဆောင်နီတွင် နုံကဝိုင်၊ ကယပ် ပါသည်မှာ ကယပ် ဆိုသည်မှာ ပုဆိုး အထည်အလိပ် ဖြစ်သည်။[၁]

ဆန်းပြားပုဆိုး၊အုပ်ထည်မျိုးနှင့်၊ကတိုး ကရတ်၊သက္ကလတ်ဖြင့်။[၂]

၁။ ရွှေဘုံနိဒါန်း ခန်း ၃၀ ၂။ ပေါင်းချောင် ပိုဒ် ၃၉

ကရွတ်။ ။ရေအိုးအောက်ခံ။

ကဝိုင်ဆိုသည်မှာ ကရွတ်ဖြစ်သည်၊ ရွှေအိုးသင်းချော အမုံပါ ဂုံစယပ်စည်း၍ ချိပ်တိုက်သစ်သား ကရွတ်နှင့် သောက်ရေစောင်၍ ပါသည့်အိုးဖြစ်သည်။ သောက်ရေဆောင်အိုးခေါ်သည်။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၃၀

**ကသောင်းပြောက်တိုက်**။ ။ကောက်ခံရရှိသော အခွန်အတုတ် အမျိုးမျိုးထားရာဌာနဖြစ်သည်။ ထိုတိုက်တွင် ဝတ်မိုး ဝတ်မြေမှရရှိသည့် အခွန်အတုတ်များကိုလည်း သိမ်းဆည်းထားရ၏။

လွှတ်ဟူသော ဌာနတွင်။ ဆင်းရဲသားပြည်သူတို့က။ မင်းကြေရာဇ်ထံ အခွန်အတုတ်လွှတ်မြဲ။ဆက်သမြဲဖြစ်သည်။ ယိုအခွန်အတုတ်များကို ကသောင်းပြောင်တိုက် တော်မှာ ထားရသည်။

စော်ဘွားကိုယ်တွက် မသက်ရဘဲ။ နယ်အတွက်။ တနှစ်တခါ။ နှစ်နှစ်တခါ ဆက်ရသော နယ်အတွက် ရွှေ ငွေ များမှာ။ နိုင်ငံမှုနှင့် ဆိုင်သော အခွန်ငွေတွင် ပါဝင်၍။ကသောင်းပြောင်တိုက် တွင် တင်သွင်းရသည်။ရှင်ဘုရင်နှင့် မဆိုင်။[၁]

အပေါ်ဝန် အကောက်အစား တရားကွမ်းဘိုးမှာ။ ကျွန်တော် ၉ ရှာတဝက်။ တဝက်ကို ကသောင်းပြောင်တိုက်တော်မှာ ဆက်သွင်းပါရသည်။[၂]

ခွန်တုတ် ခွန်ကြေးမှာ မြို့စားကို၊ မြို့စားမရှိလျှင် ကသောင်းပြောင်တိုက် တော်မှာ သွင်းရသည်။[၃]

မြို့သူကြီးတွင်ရသည့် အခွန်မှာ မင်းရာတဝက် ဆက်သွင်းမြဲ၊ မြို့စားမရှိလျှင် မင်းရာတဝက် ကသောင်းပြောင်တိုက်တော်သို့ ဆက်သွင်းမြဲ။[၄]

မင်းမြေမှာ ထန်းတရင်းတက်လျှင် ခွန်မကြေး ၃ိ အကဲ ၇၅ိ ရေးစား ၂၅ိ အခွန်ကြေး ကသောင်းပြောင်တိုက်မှာ သွင်းရသည်။[၅]

တရားစကားရှိလျှင် သူကြီးတို့ ဆိုင်ရာစီရင်၍ ရသည့် တဝက်ကိုလည်း ကသောင်းပြောက်တိုက်မှာ ဆက်သင်းရိုး။

ရှေးအစဉ်ထုံးစံမှာ။ကျွန်သီးတော်များ၏နောက်လောက်များထံမှကောက်ခံရငွေကို အိတ်ဖြူတွင် မထည့်ပဲ။ အိတ်နီနှင့်ထည့်၍။ ကသောင်းပြောင်တိုက်မှာ သီးခြားထားရသည်။ နိုင်ငံမှုနှင့်ဆိုင်သော ရန်ပုံစာရင်း မသွင်းပဲ။ စာရင်း

၁။ ပြန်မာမင်း ၃။ ခန်း ၄၁၁
၂။ ပြန်မာပင်း ၃။ ခန်း ၃၄၀
၃။ မသဂ ၃၂
၄။ တောင်ဆင်းမြို့ခစ်တန်း ၄၅
၅။ တောင်သာမြို့စစ်တန်း ၄၄ ၃
၆။ ပသဂ ၄၄။ ဂ၃
၇။ တောင်ပက်တန်းစစ်တန်း ၄၂ ၃

သီးခြားထား၍။ ကျောင်းဘုရားနှင့်စပ်သော အလုပ်များတွင်။ မှတ်သားသုံးစွဲရိုးရှိသည်။ သီပေါမင်းလက်ထက်မှာ။ အရေးကြီးသောအလုပ်ပေါ်သည့်အခါ။ ကသောင်းမြောင်တိုက်မှာ။ အိတ်ဖြူ မရှိသည့်အတွက်။ အိတ်နီကိုဆဲ၍ သုံးစွဲရတော့သည်။

အဆက်ဖော်ပြပါ အထောက်အထားများအရ ကသောင်းမြောင်တိုက်သည် အခွန်အတုတ် အမျိုးမျိုး ထားရာဌာန ဖြစ်သည်မှာ သေချာသဖြင့် ဘုရားဝတ် မိုး ဝတ် မြေ က ကောက်ခံသော ဝတ္ထုကံ အခွန် အတုတ်များကို။ ကေရာင်မင်းမြတ်၏ ဘဏ္ဍာတော်နှင့် မရောမယှက်စေရ။ သီးခြား သိမ်းထားရာဌာနကို ကသောင်းပြောင်တိုက်သမုတ်၍ဟူသော အဆိုကိုလက်မခံနိုင်ပေ။

၈။ ပြန်မဟပင်း ၂။ ခန်း ၂၉၆ ၉။ ရှေနန်းသုံး ခန်း ၇၆

ကသောင်းမြောင်တိုက်စာရေး။ ။ကသောင်းမြောင်တိုက်စိုးကို ကူညီရသော စာရေးဖြစ်သည်။

၎င်းတို့တို ဘုရင့်အမိန့်တော်မပါဘဲ ဝန်ကြီးတို့ သဘောအလျောက် ခန့်ထားနိုင်သည်။ လွှတ်တော်တွင်ပါဝင်မြဲ အရာရှိငယ်တယောက် ဖြစ်သည်။

၁။ ပြန်မဟပင်း ၃။ ခန်း ၄၁၈။ ၄၁၉

ကသောင်းပြောင်တိုက်စိုး။ ။ကသောင်းမြောင်တိုက်ကို အုပ်စိုးသောအရာရှိ။ လွှတ်တော်တွင် ပါဝင်မြဲ အရာရှိတယောက် ဖြစ်သည်။

ထိုဘိုက်ကို အုပ်ချုပ်ထိန်းသိမ်းရသူ အမိန့်တော်ခန့် တိုက်စိုးကို ကသောင်းမြောင်တိုက်စိုး ခေါ်ဝေါ်သည်။

ကသောင်းပြောင်တိုက်ပိုး။ ။၎င်းဘိုက်စာရေး၊ များမှာ။ အမိန့်တော်မခံဘဲ။ ဝန်ကြီးမင်း၄ ဦး သဘောတူချက်နှင့်။ ခန့်ထားထမ်းရွက်စေနိုင်သည်။

၁။ ရှေနန်းသုံး ခန်း ၇၆ ၂။ ပြန်မဟပင်း ၃။ ခန်း ၄၁၉

ကသောင်းပြောင်တိုက်စောင့်။ ။ကသောင်းမြောင်တိုက်တွင် စောင့်နေ ထမ်းရွက်ရသော အမှုထမ်းများ။ ၎င်းတို့သည် စုသေးတွင် ပါဝင်ကြသည်။

၁။ ပြန်မဟပင်း ၃ ခန်း ၃၃၈

**ကသည်းစာပြန်**။ ။လွှတ်တော်အရာရှိငယ်တမျိုး။ မဏိပူရနိုင်ငံနှင့် ဆက်ခံရာတွင် ပေးစာ ပြန်စာများကိုဘာသာပြန်ဆိုရသည်။ ကသည်းစာပြန် နှစ်ယောက်စီခန့်ထားသေ ရှိသည်။

၁။ မြန်မာပင်း ၃ ခန်း ၄၁၁

**ကသည်းမြင်း**။ ။အလောင်းမင်းတရားကြီး ကသည်းပြည်မှ သိမ်းယူလာသည့် ကသည်း မြင်းသည်များမှ လူနှစ်ထောင် ရွေးထုတ်၍ ရွှေငှက်ပုဆိုး မျိုးရိက္ခာ လုပ်မြေ နေမြေ ပေးအပ်ခါ သက္ကရာဇ် ၁၁၂၀ ပြည့်တွင် ဖွဲ့စည်းသော မြင်းတပ် ဖြစ်သည်။

ယင်းသည့် မြင်းအမှုထမ်းများကို မြင်းရုပ် ဝမ်းပိုက်တွင် ထိုး၍ ဆေးတော် မှတ်သည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံမင်း တရားလက်ထက်တော်မှာ ၇၅၂ မျှ ကျန်ရှိသဖြင့်။ တလလျှင် လစာငွေတော် ၁၃၀၉၀ သနားတော်မြတ် ခံရသည်။

၁။ ရွှေနန်းသုံး ခန်း ၂၉၆

**ကာ**။ ။စစ်သည်တို့ စွဲကိုင်သော လေးထောင့်သဏ္ဌာန်ရှိ အကွယ်အကာ။

ကိုယ်ရံတော်တို့မှာ စစ်ဝတ်တန်ဆာဆင်၍ ထားခါးချည်လျက် ဒိုင်းကာ လွှား ကိုင်သည်။

ဆင်တော်သည်တို့မှာ ခေါင်းထုပ်နီပေါင်း၍ မောက်ရှမောက်တို ပါးကာ နားကာ ရှေ့ကာနောက်ကာ ဆင်ဝတ်၍ ဝတ်လုံချုပ်ကာနှင့် ထားခါးချည်လျက် ဆင်စီးရသည်။

ဝေါတော်နောက်လိုက်တပ်မှာ လက်ဝဲဝင်း ကိုယ်ရံတော် ၁၂၅၊ နောက်ဝင်း ကိုယ်ရံတော် ၁၂၅၊ ၂ စု လူ ၂၅၀၊ ဒိုင်းကာလွှားပလုတ်၊ ကြေးနင်း၊ ကြေးစည်း အလံနီ၊ အလံဝါ၊ အလံနက် ကိုင်ယူထမ်းဆောင်၍ လိုက်ရသည်။

၁။ လကဗဟ ၁၅၀ ၂။ ယင်း ၁၅၁ ၃။ ယင်း ၁၅၆

ကာချပ်စား။ ။ကာလသားရဲများကို ဘုရင်က လုပ်မြေနေမြေ ချပေးသောအခါ ထိုမြေကို ကာတချပ်စား၊ ကာနှစ်ချပ်စား စသည်ဖြင့် ပိုင်းခြားသည်။

ပင်တလဲ ရာကုမ် ၅၀ မြင်တိန် ကာတချပ်စာ လက်ဆောင်နွာ ၂၀ မင်ကြီးဖွါတော် ပုံမိဘုရား ကျောင်း ဝတ္တုစိုင် မင်ကြီ ကာတချပ်စာ မြေ၏ အခြာ စမွာမြစ်တိမ် ဝင်လျက် ကျွန်ရှာ ကာ ၂ ချပ်စာ။

၁။ ရန်အောင်မြင် ကျောက်စာ ကျော

ကာလ။ ။ကာလ ၈ ပါးရှိသည်ဟု ပိုင်းခြားသည်။ (၁) ညဉ့်ကာလ (၂) စစ်မက်ဖြစ်သောကာလ (၃) ငတ်မွတ်သောကာလ (၄) ရောဂါကြီးသင့်သောကာလ (၅) တဦးကိုတဦး အစိုးရစေတတ်သော ကာလ (၆) နေ့ကာလ (၇) ငြိမ်းချမ်းသာယာသောကာလ (၈) ပြိုကာတည်ကာလ။

၁။ မနုကျယ် ခန်း ၇

ကိဋ္ဌိတသား။ ။ကစားမြူးတူးရာမှ ရသောသား။

ကိဋ္ဌိတာ ကစားမြူးတူးရာနိုက် မြင်သောသားတို့ မိဘတို့၏။ အမွေဥစ္စာကို မခံ ရထိုက် ဟူလိုသတည်း။ အကြင် ယောကျ်ား မိန်းမ ချင်မြူး၍ အလိုတူသင့်နေရာ။ အထင်အရှားမနေ။ မွေးသောသားသမီးကို။ ကိဋ္ဌိတ မည်သော သားတပါး။

၁။ အပေ့ဟု [illegible]

ကုပ္ပဒထိ။ ။ပင်းခမ်းထီးဖြူတော်တပါး။

မဏိကျွမြ။ မျက်နီပသား။ စန္ဒကူး။ ဝိသုကာ။ ကုပ္ပဒဟု။ ဆတ္တာလေးဖြာ။ သင်္ဘောသက။ နန်းမဆောင်မြဲ။ လက်ဝဲတော်က။

၁။ ကုသ ပို့ ၁၂

ကုရင်နာ။ ။ဂုဏ်ပျက်သေစေတတ်သော အနာရောဂါဟူသမျှ။ (ပန်)

သမား အသက် [illegible]ိုးသူထုဉ်၊ နူနာ၊ ရွှနာ၊ မီးယပ်၊ မြွေကိုက်၊ ဘုတ်ထမြိုက်၊ ကုရင်နာ တို့ကို ဆိုလိုသည်။

၁။ မနုကျယ် ၄၇

ကိုယ်ဘိုး။ ။လူတယောက်တန်ဖိုး။ ဆင်းရဲသား သို့မဟုတ် ကျွန်ယောကျ်ားတန်ဖိုး ငွေသုံးဆယ်၊ မိန်းမကန်ပိုး ငွေနှစ်ဆယ်ငါးကျပ်။

မိန်းမလင်ရင်းမှန်လျက်မနေလိုချေ။ ကိုယ်ဘိုးငွေနှစ်ဆဲ့ငါးကျပ်လျော်စေ။[၁]

အခပြတ်၍၊ အခကိုမှုမပေး စေစားရာတွင် သေပျောက်ခဲ့မူကား ကိုယ်ဘိုး သုံးဆယ်လျော်စေ။

တရားသူကြီး မင်းစိုးတို့သည်ကား၊ ရသူ ကိုယ်ဘိုး မစားအံ့။ လျော်သောသူကို ငွေစင်တဆယ် တရုစားအပ်၏။[၃]

သမားကိုကုပါ၊ အနာလွတ်သော်၊ ငါ့ကို ကျွန်ပြုပါတော့ဟူ၍၊ တိုင်တမ်း၍ လွတ်ပေမူကား၊ သမားကျွန် မခံပဲ့သော် မွေသတ်ကိုယ်ဘိုး ငွေသုံးဆယ်၊ သမားစားအပ်၏။

၁။ မနုကျယ် ၁၁ ၂။ မနုကျယ် ၄၃
၃။ မနုကျယ် ၄၄ ၄။ မနုကျယ် ၄၇

ကိုယ်ရံကြီး။ ။ညောင်ရမ်းနောင်းခေတ်မှ အတွင်းအမှုထမ်းတမျိုး။

သည်နောက်က ပြဿဒ်တော်တင် ဆင်တစီး၊ သဥ္ဇာလီတော်တင် ဆင်တစီး၊ ထိုနောက် ကိုယ်ရံကြီးစုသားလူ ၁၀၀၊ ဆင်ချေဘုံး လိုက်ရသည်။[၁]

နိုင်ငံအတွင်း ဂါမဝါသီ ဌာသူတို့နှင့် ရောနှောနေသော။ အလင်္ဇ ရှင်ယောင်တို့ကို ကိုယ်ရံကြီးမဟာဇေယသိန်က သိမ်း၍၊ လက်ယာနံ။ လက်ဝဲနံတွင်။ ခြသေ့ရုပ်ထိုး။ သင်း ကိုယ်ရံကြီးမားဖြည့်။[၂]

၁။ လကပဟ ၁၅၆ ၂။ ပြန်မာပင်း ၃။ ခန်း ၃၇၃

ကိုယ်ရံကြီးအမတ်။ ။ရခိုင်မင်းများ ကောင်းစားစဉ်က ပြည်ထဲရေးကို အုပ်ချုပ်စေသည့် အမတ်ကြီး လေးယောက်ရှိသည့်အနက် တယောက်ဖြစ်သည်။

ကိုယ်ရံကြီးအမတ် ဆိုသည်မှာ။ မင်းရောဇ်၏ကိုယ်ကို ခြံရံ စောင့်ရှောက်ရသည်။[၁]

၁။ ပြန်ပပင်း ၃။ ခန်း ၄၇၁

ကက်။ ။စပါးထည့်သည့် ဇေ့တင်းဝင် ဖောင်ကြီး။

လေးတင်းကို တတို့။ လေးတို့ကို တပုတ်၊ လေးပုပ် တကက်။ လေးကက်ကို တကြ။

၁။ မြန်မာပင်း ၃။ ခန်း

ကောက်ခံ။ ။အခွန်အဘုတ် ကောက်ယူခြင်း။

မြေသီမြေခွန်မှာ ဆယ်ခိုင်တခိုင် ကောက်ခံ၍ မင်းဘုရားရှင်မှာ သိတင်းကျွတ် နှစ်စဉ် ဆိမ်းထွန်းမျှောရသည်။

မြေခွန်မှာ တင်း ၁၀၀ လုပ်ရလျှင် တင်း ၁၀ ရေးစား တိုင်စား ၁ စိတ် ထန်းတတက်ချောင် ငွေနှစ်မတ် ရေးစားတပူး ကောက်ခံ၍ ဝတ္တကံသိမ်းတို့ကို ပေးချင်ရိး။

၁။ ရွာသာမြို့စစ်တန်း ၄၅ ၃ ၂။ ဒန့်ကျင်ရွာစစ်တန်း ၄၅ ၃

ကောက်ခံရိုး။ ။ကောက်ခံမြဲထုံးစံ။

ကျွန်ထုတ်ကြေး ၃ ကျွန်သိမ်း ၁ မတ် ကျပ်ပြီး ၁ပူး ခွားပြီး ၁ ပဲကောက်ခံရိုး။

၁။ တောင်ရွှေရွာစစ်တန်း ၄၅ ၃

ကောက်စာ။ ။အတိတ်နိမိတ်ယူသည့် နည်းတနည်းဖြစ်သော စာကောက်ရာမှရသောအပြေ။

စာကောက်စေရာလည်း။ အလျင်လည်းကောင်း။ နောက်လည်းကောင်း။ သောင်းသောင်းကြေညာ။ လူပိုလ်ပါဟူသောကောက်စာကိုရသည်။

၁။ ကဘဆ ၁။ ၁၁၀

ကောက်ရိုး။ ။အခွန်တော်များကို အစဉ်ထုံးစံရှိသည့်အတိုင်း ကောက်ခံသည်ကို ကောက်ရိုးဟု ခေါ်သည်။ ကောက်ရိုးကိုပင် ကောက်စား၊ ကောက်စားမျိုးကောက်ခံရိုး စသဖြင့်လည်း ခေါ်သေးသည်။

ကျွန်ထုတ်ကြေး ၃ ကျွန်သိမ်း ငွေ ၁ ကျပ်ပြီး ၁ပူး ခွားပြီး ၁ ပဲ ကောက်ရိုး။

၁။ ပွာမိန်းပွာစစ်တန်း ၄၄ ၃

ငွေ ၁၀ိ ငွေ ၁ိ ကျ ဥပဒေထုံးစံရှိသည့်အတိုင်းသာ တောင်းခံ၍ ကွင်းဘိုးထိန်းက ဆက်သွင်းရလေသည်။ ¹

၁။ ရွှေနန်းသုံး ခန်း ၈၈

ခတ္တ။ ။ပုဏ္ဏားမနှင့် သူဆင်းရဲသင့်ရာမှမြင်သည့်သား။

အမိပုဏ္ဏေးမ။ အဘသူဆင်းရဲကြောင့်ဖြစ်သောသားသည်။ ခတ္တ မည်၏။ ¹

၁။ အမွေမှု ၄၀

ခတ္တိယဘိသိက်။ ။မင်းမြောက်သောဘိသိက်။

အိမ်ရှေ့စံကာ၊ ဥပရာဘိသေ၊ ယှဉ်တွေ့ထိမ်းမြား၊ စုလျားစနစ်၊ ရစ်ပစ္စုမှာ၊ ဝိဝါတက၊ ပဋမကေရာဇ်၊ မင်းဖြစ်ခတ္တိယ၊ ထိုကတမူ၊ မင်းထီးဟူ၍၊ ဇမ္ဗူကြေညာ၊ ရာဇာဘိသေက။ ¹

၁။ ကုသ ပိုဒ် ၁၉

ခေတ္တဇ။ ။ကျွန်မ၏သား။

ကျွန်၌ဖြစ်သောသားကို။ မိမိခေတ္တဟု ဆိုအပ်သော အမြဲရ္နှိုက်ဖြစ်သော ကြောင့်။ ခေတ္တဇဆိုသတည်း။ ¹

မယားမိဘ။ အမွေရကျွန်။ တဘန်လင်က။ အမွေရသား။ ကျွန်မကုံသော်။ နှစ်ပါးစုံမှ။ အပိုင်ရသည်။ ကျွန်မကိုပေး။ သင့်နေမွေးထ။ ခေတ္တဇတည့်။ ²

၁။ အမွေမှု ၄၄ ၂။ ယင်း ၃၇

ခံဝန်သူ။ ။အာမခံသူ။

တရားလို တရားခံတို့ကို ခံဝန်သူနှင့် နေ့ရက်ချိန်းချက်၍ ထားရလေသည်။ ပြီးပြတ်သောအခါ စီရင်ချက်ပါငွေများကို တပါတည်း အပြေပေးစေရသည်။ မပေးနိုင်လျှင် ခံဝန်သူနှင့် ငွေနည်းများကိုတောက်၍ ရက်လပေးသည်။ ခံဝန်သူ မရှိလျှင် အာဏာစိုးတန်းတွင် ချုပ်ထားတောင်းခံရသည်။ ¹

၁။ ရွှေနန်းသုံး ခန်း ၈၈

(ငွေ) ချူ။ ။အဆောင်အရွက် အစီးအနင်း အချို့တွင် ငွေချူဆွဲလေ့ရှိသည်။

ထိုထီးများ၏ အရပ် အဝ အတွင်း ငွေခြူ ညောင်ရွက် ကြယ် ပုလဲဆိုင်း သန္တာဆိုင်း စိန်ဆိုင်း မြဆိုင်း ပတ္တမြားဆိုင်းမှစ၍ ငွေချိန်ကျောက်ဝင် လုပ်ရိုး ဆောင်ရိုး အထားအနေများမှာ စာစောင်များတွင် အင်းစောက်နှင့် ပြကာရှိပြီး ဖြစ်၍။[၁]

နဝဒဂ္ဂာ။ ချုပ်ရာချည်လျှင်။ မျှင်ကိုးပင်နှင့်။ လယ်ချက်မှာကား။ ပတ္တမြား သန္တာ။ ရတနာရိုးရဲ။ ငွေခြူဆွဲမှ။[၂]

၁။ ငွေဘုံနိဒါန်း ခန်း ၁၉ ၂။ ကုသ ပိုဒ် ၁၂

ချူး။ ။အနွယ်အခက် အရွက်အဖူး အပွင့်အသီးတို့သဏ္ဌာန် အပြောက်။

ခြူးပေါင်းပုလဲ၊ သန္တာဆွဲလျက်၊ ရဲရဲရောက်တက်၊ ကွမ်းခွက်ရှစ်ထောင့်။[၁]

ရာဇပလ္လင်လုပ်ရိုး၌ ခြသေ့် ဆင်ပျို လောကနတ် ဒေါင်းယပ် ဆင်နား တံခါး တိုင် သိကြား ကိန္နရာ သမ္မာဒေဝ ခြူး ကြာ ဦးဆောက်ပန်း တဆဲ့နှစ်နေရာတို့ ဖြင့်လုပ်ဆောင်၍။[၂]

၁။ ငွေဘုံနိဒါန်း ခန်း ၁၆ ၂။ ငွေဘုံနိဒါန်း ခန်း ၁၀၅

ချူးကြာ။ ။ကြာပုံလုပ်ထားသောအပြောက်။

မင်းတို့အစဉ်၊ ဆွဲလျဉ်မျက်မြှာ၊ ကုဏ္ဍလာဟု၊ ခြူးကြာပြောက်ကွင်း။[၁]

၁။ ငွေဘုံနိဒါန်း ခန်း ၁၂

ချူးစိပ်။ ။ချွေညှတ်ထွေးပျတ်နေသည့် အပြောက်စိပ်တမျိုး။
ခြူးစိပ်စိန်ခက်၊ ဝန်းရှက်ကြာညောင်၊ လရောင်ပြက်ကာ။[၁]

၁။ ငွေဘုံနိဒါန်း ခန်း ၁၂

မင်းမြေတွင် ခြေကြောက် လုပ်သူတို့မှာ စပါး ၁၀၀ တင်းလျှင် ခွန်မစပါး ၀၀ တင်း ကြီးစား ၃ တင်း ၂ စိတ်။[2]

၂။ တလုပ်မြို့စစ်တန်း ၄၅ ခု

ခြေချင်း။ ။ရာဇဝတ် အပြစ်အလျောက် ဘမ်းဆီး ချုပ်နှောင်ရန် ရှိလျှင်လည်း လေးပြင် ထောင်မှုးတို့နိုက် အသင့်ရှိသော နှောင်အိမ်အတွင်း ခြေကျဉ်း စွဲရိုက်ချုပ်ထား ရသည်။

ကျောင်းဘုရားအရံစောင့် ကျွန်းသီးတော်တို့ တရားစကား အယုက်အတင်ရှိ၍ ရာဇဝတ်အပြစ်အလျောက် သေပြစ်သေဒဏ်ရှိလျှင် ခြေကျဉ်းစွဲမြဲးစွဲးခတ်ပြီးလျှင်။ အာဋ္ဌဝိတံခါးကထွက်စေ၍။[1]

ဟသ်ာတမင်းသမီး ရွှေခြေချင်း အရန် ၁။ အချိန် ၂၄ ဝ ဖို့ ၁ပဲ ၁ ရွေး။[2]

၁။ ရွှေနန်းသုံး ခန်း ၈၂ ၂။ မမပ ၈၆

ခြေနင်း။ ။နောက်ပိတ်ဘိနပ်။ ဘုရင်၏ လက်ဝဲမင်းခမ်းတော်များတွင် ပါဝင်သည်။ မင်း၊ မင်းသား၊ မှူးမတ်တို့သည် နေရာအနိမ့်အမြင့်အလိုက် ခြေနင်း အမျိုးအစား ခွဲခြားစီးရသည်။

ခြေနင်း ရွှေသွေး၊ တောင်ဝေးထားတင်။

ကျောက်စိ ခြေနင်း။

ဘဝရှင်မင်းတရားကြီး ဘုရားလည်း ညောင်ပင်ရိပ်တွင် ရွှေခြေနင်းစီး၍ စီရင် စီးကြပ်တော်မူပြီးလျှင်။[3]

မင်းသားတို့သည် ရွှေခြည်ပါခြေနင်းစသည်။

၁။ ကုသ ပိုဒ် ၁၄ ၂။ မဃဒေဝ ပိုဒ် ၆၆

၃။ ကဘဆ ၁။ ၉၆ ၄။ လကဗဟ ၂၃၄ ၊ ၂၃၅

ဂိုဏ်း။ ။ဒုကုဋ်တင်၊ သက်န်းရုံဟူ နှစ်ဂိုဏ်း နှစ်သွယ်ရှိကြသည်မှာလည်း အကွဲအပြားမရှိစေရ။ အတုလယသမဟာဓမ္မရာဇာဓိရာဇာဂုရုဆရာတော်အား သာသနာပြု အပ်တော်မူ၍ ဒုကုဋ်တင်နွှယ် တဂိုဏ်းတည်းသာဖြစ်စေ၏။[၁]

၁။ ကဘဆ ၁။ ၇၁

ဂုတ္တန်အမှုထမ်း။ ။ရွှေဘိုက်ဝန်ဝန်စုပါ ဂုတ္တန်ထိုးရသူများ။

ရွှေတိုက်ဝန်ဝန်စု။ ရွှေဘိုက်ပန်းတိမ်တော်အမှုထမ်းတို့ လုပ်ဆောင်ရသည့် ရွှေထည်မျိုးစုံ။ စိန်မြပတ္တမြားစီချယ်ရာ ဂုတ္တန်အိမ်များတွင် ရွှေတော်ထုတ်ပေး၍ ဂုတ္တန်ထိုးနှိပ်လုပ်ဆောင်ရသည်။ ဂုတ္တန်အမှုလမ်း ၁၈ တို့မှာ တလလျှင် စပါးတော် ၂၁၅ တင်း သနားတော်မြတ်ခံရသည်။ ခေါင်း မောင်ရွှေသား။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၈၉

ဂြိုဟ်နတ်။ ။ဟုံးနတ် ဂြိုဟ်နတ် သမ္မာဒေဝနတ် ဥဒိန်မင်းစောနတ် ဂဇာနာထနတ်များကို ပူဇော်ပသခင်းကျင်းရန် ပွဲနတ်ရကာအစုံများကိုလည်း နတ်ပူဇော်တန်ဆောင်းများတွင် အသင့်ထားရသည်။[၁]

သမ္မာဒေဝနတ် ဂြိုဟ်နတ် ဟုံးနတ် ဥဒိန်မင်းစောနတ် ဂဇာနာထနတ်မှစ၍ ပူဇော်ပသရန်ရှိသမျှကို ပုဏ္ဏားတို့ ပူဇော်ရသည်။[၂]

၁။ ရွှေနန်းသုံး ခန်း ၁၀၃ ၂။ ယင်း

ဂြိုဟ်လွှဲ။ ။ဂြိုဟ်ဆိုးတို့၏ အနှောင့်အရှက်ကို ပျောက်ပျက်အောင် လုပ်ဆောင်သည်။ (ဝန်) ခေါင်းဆေး၊ဂြိုဟ်လွှဲပြုအံ့ဟု၊ သူနာခေါ်ရာလိုက်လေ၏။ ထိုသမားသည်။ ကညစ်။ ထားငယ်ကိုင်၍၊လက်သုံးလှေကားသို့ တက်လျှင်ပင်၊သူနာသည် ချမ်းသာရနှင့်အံ့။ ခေါင်းဆေး၊ဂြိုဟ်လွှဲ ပြုဘူးသလောဟု၍၊ ခင်ပွန်းမှန်းမသိ နေဘိအံ့။ ငွေငါးကျပ် ပူဇော်စေရမည်။[၁]

၁။ မနုကျယ် ၄၆

ဂွမ်းကြိတ်ရုံအမှုထမ်း။ ။ထို (ဂွမ်းကြိတ်) ရုံတော်ကြီးကို စောင့်နေရသည့် အမှုထမ်း ၅ တို့မှာ တလလျှင် စပါးတော် ၅၅ တင်း သနားတော်မြတ်ခံရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၂၄၀

ငှက်ခတ်တဲ။ ။နန်းတော်ပိုး၌ ငှက်ခတ်တဲ ထားသည်မှာ ကောသမ္ဗီပြည်၌ ကောသမ္ဗီမင်း၏ မိဖုရား ဆောင်းသအခါ ကပ္ပလာနိကိုခြံ၍ နေရောင်ခံသည်တွင် သားတစ်အမှတ်ဖြင့် ကေသနိမိဖုရားကို ငှက်ကြီးချီ၍ တောအရပ် သစ်ပင်တွင်တင်ထားသည်၊ ပဉ္စိသန္ဓေ အရင့်အမာပါသည်ဖြစ်၍ သားဘွားခလျှင် ရသေ့ မွေးကျွေးပြုစုသည်၊ထိုမင်းကို ဥတေနမင်း ခေါ်ဝေါ်သမုတ်သည့် ရှေးအကြောင်းကိုစွဲ၍ ငှက်စောင့် ငှက်ခတ်တဲထားသည်ဟု ဆိုလေသည်။ တကြောင်းလည်း ရာဇဂြိုဟ်ပြည်၌ ပိမ္ဗိသာရမင်း၏ နန်းပြဿဒ်ကို ဇမ္ဗုပတိမင်းသည် ခြေနင်းပျံစီး၍ ထိခိုက်သောရန်ကြောင့် နန်းမိုး၌ အစောင့်ထားသည်သည်း ဆို၏။ ထိုစကားသည် ကျမ်းဂန်မလာမပါမရှိ အခိုင်မယူသာ၊အနုကထာဖြစ်ရုံမျှသာ ရှိသည်။[၁]

နန်းတော်ခေါင်မိုးများတွင်လည်း တဲငယ်ကလေးများလုပ်ထားလျက်ရှိသည်။ ထိုတဲငယ်ကလေးများကို။ ငှက်ခတ်တဲဟု ခေါ်သည်။ မိန်ကောင်။ ခင်ပုတ်။ လင်းတ စသော ငှက်ဆိုး ငှက်ယုတ်ခေါ်သော ငှက်များ မနားမပြည်စေရန်။ ငှက်တော်စောင့် ငှက်ခတ်သမားများက။ အလှည့်ကျစောင့်နေ ပစ်ခတ်ရသည်။[၂]

၁။ ရွှေဘုံနိဒါန်း ခန်း ၄၄ ၂။ မြန်မာပင်း ၄။ ခန်း ၄၄၂

ငှက်ချေးခံ။ ။အလောင်းစင်၏ အမိုး။

ကျွန်တော် တန်းခေါင်း မိဟ မယားတို့ သောလွန်လျှင် ပျဉ်သလွန်ခြေအဖုံးကမှတ်ရှေ့သည့် ဗိတန်ခြေ ၄ ငှက်ချေးခံ စမြင့်တိုင်အထွဋ်ရွှေထီး အဆောင်အရွက်ခင်းကျင်း သဂြိုဟ်ရသည်။[၁]

၁။ တောင်ဘက်တန်း ၂၇ ရွာစစ်တန်း ၄၅ ၃

ငှက်ချေးခံတန်ဆောင်း။ ။ဘုရင်၊မိဖုရား၊အိမ်ရှေ့မင်းတို့ မသာတော်များတွင် ထားရှိသည်။

ငှက်ချေးခံတန်ဆောင်း ၂ထပ်ကို ရှိင်မိုးပြီးလျှင် နီပါးထည်မွမ်းသည်၊ အမွမ်းခြင်ပိတ် ထုပ်ကာကို နီပါးထည်မွမ်းသည်၊ ထီးကို နီပါးထည်မွမ်းသည်၊ မျက်နှာကြက်ကို ခါသာကြာယပ် ၂ ဆင့် တုလုပ်သည့်၊ ဝါးပိုး ၄ လုံးကို ၄ တိုင်စိုက်ပြီးလျှင် နီပါးကည်မွမ်းကြိုးနှင့် ငှက်ချေးခံတန်ဆောင်းကို ဆွဲတင်သည်။

**စရပ်။** ။လူတို့ စုဝေးရာ နားနေရာ အဆောက်အအုံ။

ရွှေပေါ်ကျွန်း ဘုရားဦး စရပ် တွင် ရွှေမှန်ကင်းရှစ်ဆူ လှူတော်မူသည်။ ထိုစခန်းတွင် မြဲတောင်မြို့ ဘောင်တော်ဦးစေတီဟောင်းနှမ်း ယိုယွင်းနေသည်ကို ပြင်ဆင်ရန်။ စရပ် ဆောက်ရန် စရိတ်ကြေးငွေ သူကြီးတို့ကို ပေးအပ်တော်မူပြီးမှ။[1]

၁။ ကဘဆ ၁။ ၇၃

**စလင့်ကြာ။** ။လကျာ်တော်မင်းခမ်းအဝင်။

စလင့်ကြာမှာ ပဋိက္ကယားမင်းအဆောင်ကို နော်ရထာစောအား ဆက်သည် ဆိုသည်။[1]

သီဟာသန၊ နေရာမထက်၊ စံပယ်လျက်လျှင်၊ လိုဘက်သင့်စွာ၊ စလင့်ကြာတည့်။[2]

စိန်မြောင့်မျက်ပါ။ စလင့်ကြာရောင်မောင်း။[3]

ရတနာ စလင့်ကြာ တော် ရွှေတဗိသျှင်ါးဆယ်။ ထားတော်များကို လက်ဝဲ နော်ရထာ စီရင်၍ ပန်းထိမ်ဝန် သာဂဒေဝတို့ လုပ်ရသည်။[4]

၁။ ရွှေဘုံနိဒါန်း ခန်း ၁၅ ၂။ ရွှေဘုံနိဒါန်း ခန်း ၁၅
၃။ ကုသပိုဒ် ၁၄ ၄။ ကဘဆ ၁။ ၂၇၄

**စလင်းမြောင်။** ။လက်ဝဲမင်းခမ်းတော်အဝင်။ သလင်းမြောင် ရှု။[1]

၁။ ရွှေနန်းသုံး ခန်း ၈

**စလွယ်။** ။မင်း၊ မင်းသား၊ မှူးမတ်တို့တွင် ပခုံးမှ သိုင်း၍ထားသော ရွှေကြိုးကွင်း။ နေရာထူးအလိုက် ကြိုးသွယ်ရေခြားနားသည်။

အလောင်းမင်းတရားလည်း ရွှေကြိုး နှစ်ဆဲ့ လေးသွယ်ရှိသော ရတနာ ရွှေစလွယ် တော်ကို ဆင်တော်မူလျက်။[1]

၁။ ကဘဆ ၁။ ၂၃၀

ရောဂါကင်းလွတ်ဝလင်အောင် မြက်သင်းမြက်ကိုင်အမှုထမ်းတို့ကို နှိုးဆော်ရန်ကိစ္စ မြင်းဆေး ဘော်နှောရန် ကိစ္စများကို။မြင်းစာရေး မြင်းတော်ခံမြင်းတော်မှူးတို့ကို ဆင့်ဆိုစီမံ၍ မပြတ်စောင့်ရှောက်ရသည်။[1]

စီးတော်မြင်းဝန်မဟာမင်းကျော်မင်းထင်စည်သူကို သက္ကရာဇ် ၁၂၄၄ ခု တခေါင်းသခန့်တော်မူသည်။[2]

၁။ ရွှေနန်းသုံး ခန်း ၉၉ ၂။ ရွှေနန်းသုံး ခန်း ၃၀၆

**စီထမ်း။** ။မြင်းစီးက မြင်းခွင်ကို စီးစားထမ်းရွက်ခြင်း။

ကျွန်တော်စီးစားနက် ထနောင်းတိုင်မြင်းခွင်ကို ကျွန်တော်ဘိုး ငခိုင် စီးစား သည်။မရှိလျှင် ကျွန်တော် သမန္တသူ ဆက်ခံစီးထမ်းသည်။ မရှိလျှင် ကျွန်တော် ဘထွေး ငမည် ဆက်ခံ စီးထမ်း သည်။ မရှိလျှင် ကျွန်တော်အကို ဗလငွေတောင် ဆက်ခံစီးထမ်းသည်။[1]

မြင်းသွေးဒသာက် မြင်းပေါင်းတို့ ဆက်ခံစီးထမ်း လျှင် မြင်းစာရေးမှာဖျင် ၂ (စင်း)အုန်း လဖက် ၅ဝိ ကြေး ၂၅ိ ပေးရပါသည်။[2]

၁။ ထနောင်းတိုင်ရွာ စစ်တန်း ၄၅ ခု ၂။ စလင်္ဂသူတိုက် စစ်တန်း ၄၅ ခု

